မိုးကျော်စာပေ

# လူတိုင်းအတွက် စကားပုံ

## အလင်္ကာမြှုပ်စာနည်း



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၄၀၁၃၈၆၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၁၃၅၆၁၁၁၁
ထုတ်ဝေသည့်ကာလ – ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ
ပုံနှိပ်ခြင်း – ပထမအကြိမ်
မျက်နှာဖုံးရိုက် – မိုးကျော်ပုံနှိပ်တိုက်
ပုံနှိပ်သူ – ဒေါ်မိမိလှိုင်
(မိုးကျော်ပုံနှိပ်တိုက်)
ထုတ်ဝေသူ – ဒေါ်မိမိလှိုင်
– အမှတ် ၁၂၉/၂
မီးဒုန်းလမ်းသွယ် (၄)
သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၄၂၉၇
၀၉-၅၀၈၉၈၈၃
၀၉-၇၃၀၂၉၅၉၁
တန်ဖိုး – ၅၀၀ ကျပ်
အုပ်ရေ – ၅၀၀

၃၉၈.၉

အလင်္ကာမြတ်စာနည်း
လူတိုင်းအတွက်လက်ရွေးစင်မြန်မာ့စကားပုံများ/
အလင်္ကာမြတ်စာနည်း။–ရန်ကုန်၊
မိုးကျော်စာပေ၊ ၂၀၁၁။
၁၂၂–စာ၊ ၁၄ × ၉ စင်တီ။
(၁) လူတိုင်းအတွက်လက်ရွေးစင်မြန်မာ့စကားပုံများ။

အလင်္ကာ – မြတ်အာနည်
(ပြုစုသည်)

---

# လူတိုင်းအတွက် လက်ဆွေစင်
# မြန်မာ စကားပုံများ

(က မှ .... ဥ) အထိ
ပါဝင်သည်။

## (အမှာ)

မရှိတာထက် မသိတာခက် (ဗမာ)

မဟိစွာထက် မသိစွာခက် (ရခိုင်)

ကောက်သော်မစားလောက် ဖြောင့်သော်စားမကုန် (ဗမာ)

ဆန်းလျှင်တစ်ချက် ရှိုးလျှင်တစ်သက် (ရခိုင်)

ပညာရှာ ပမာ (သူဖုန်းစား) (သူတောင်းစား)

(သူဖုန်းစား)ဆိုတာဟာ (သူတောင်းစား)ပဲ ဖြစ်ပါတယ်။ သူတောင်းစားတွေဟာ လူတကာထဲမှာ မရှက်မကြောက်ဘဲ ရဲရဲဝံ့ဝံ့ တောင်းရမ်းခဲ့တာကြောင့် ငွေကြေးနဲ့ အစားအစာတွေကို ရရှိရပါတယ်။ ဖူလုံပြည့်ဝအောင်လဲ တောင်းရမ်းရပါတယ်။

ဒီလိုပဲ ပညာရှာသူတွေကလည်း ပညာရှာချိန်မှာ မရှက်မကြောက် ပညာရပ်တွေ တောင်းခံရှာမှီးမှသာ ပညာရပ်တွေကို ပြည့်ပြည့်ဝဝ ရရှိလိမ့်မယ် ဆိုလိုတာပဲဖြစ်ပါတယ်။

ဆောင်ပုဒ်မှာ ပညာလိုက မပျင်းရ . . .

လုံ့လစိုက်ထုတ်ရမယ် ဆိုတာပဲဖြစ်ပါတယ်။ နောက် ပညာ ရွှေအိုးလူမခိုး ဆိုတာပဲဖြစ်ပါတယ်။ မိမိမှာရှိတဲ့ ပစ္စည်းဥစ္စာ ရွှေငွေ ရတနာတွေကို သူတစ်ပါးခိုးယူခံသွားရရင် မိမိထံမှာဘာမှ ကြွင်းကျန်တော့မှာ မဟုတ်ပါဘူး။

ဒီလို ရွှေအိုးနဲ့ အလားသဏ္ဍာန်တူတဲ့ ပညာကို မိမိ တတ်မြောက်ထားပါက ဘယ်သူမှ ခိုးယူနိုင်မှာ မဟုတ်ဘူးဆိုတာပါဘဲ။

ဒါကြောင့် လူတိုင်းဟာ ပညာကိုအချိန်ရှိခိုက် ဂရုစိုက်သင့်ကယ်ဆိုပါတယ်။

ဆောင်ပုဒ်မှာတော့ 'ပညာသာလျှင် ရွှေအိုးသွင် အစဉ်တည်နေမည်' ဆိုတာပဲဖြစ်ပါတယ်။

တကယ်တော့လည်း စကားပုံဆိုတာဟာ ပုံပြင်ဝတ္ထုပမာ ရှေးသူဟောင်းတို့ အဆိုအမိန့်ရှိခဲ့တဲ့ စကားစုတွေပဲ ဖြစ်ကြပါတယ်။

စကားပုံဟာ ခေတ်ရေစီးဒီရေရဲ့ အတက်အကျကိုလည်း ဖော်ပြ ထင်ဟပ်လို့နေပါတယ်။

ပြီး လူမျိုးတစ်မျိုးရဲ့ အနိမ့်အမြင့် အတက်အကျကိုလည်းပဲ တစ်ဒေါင့် တစ်နေရာက မီးမောင်းထိုးပြလို့နေတဲ့ စာပေတစ်မျိုးပဲ ဖြစ်ပါတယ်။

စကားပုံတွေကို အမှတ်ထင်ထင် လေ့လာသုံးသပ်ကြည့်ခဲ့ရင် ဆုံးမဩဝါဒ ပေးသလိုလည်းဖြစ်ရပါတယ်။

ပြီးသတိပေး သိစေသလိုလည်းဖြစ်စေပါတယ်။ ပြီးချီးမြှောက် ပြောဆိုတာမျိုးလည်းဖြစ်ပါတယ်။

ပြီး အမျက်ဒေါသ ဖြစ်ပြီးတော့လည်း တင်ပြထားတယ်။ ပြီး ကဲ့ရဲ့နှိမ့်ချလိုလို့လည်းပဲ ပြောဆိုတာမျိုးလည်းဖြစ်တယ်။

ပြီး တရားသံဝေ ရပြီးတော့လည်း ဆိုမိန့်ထားတတ် ပါတယ်။

ပြီး စွန့်စားရဲဝံ့ ဖို့ရာအတွက်လည်း လိုရင်းတိုရှင်းတွေ ရှေးသူဟောင်းတို့က ဖန်တီးခဲ့ကြတာပဲ ဖြစ်ပါတယ်။

အသိဉာဏ်ရှိတဲ့ လူသားတွေကို စုပ်ဆေးတစ်ချက်၊ ကာတွန်း တစ်ကွက်နဲ့ သတိပေးပြုပြင် မွမ်းမံနိုင်သကဲ့သို့ပါပဲ စကားပုံဟာလည်း စာတစ်ကြောင်းတည်းနဲ့ သတိပေးပြုပြင်မှတ်သားဖို့ရာ ထိမိ ထိရောက်လှပါတယ်။

ဒီကနေ့လူငယ်တွေကို အသိဉာဏ်ပေးပြုပြင်ရာမှာ မဖွယ်မရာ စကားပုံတွေကို ဖတ်မှတ်ကြားနာစေရမှုက လမ်းလွဲက၊ ခေတ်ရဲ့ရှင်သန်တိုးတက်မှုကို ရှေးရှုနေတဲ့ လုပ်အားတန်ဖိုးချစ် မြတ်နိုး၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွ၊ ချွေတာစုဆောင်းသူဌေးလောင်း၊ အနာခံမှ အသာစံရမယ်၊ စတဲ့စကားပုံတွေနဲ့ ဆောင်ပုဒ်တွေကို လိုရင်းတိုရှင်း ဖတ်မှတ်စေရင်းနဲ့ ဦးနှောက်ထဲသံမှိုစွဲသလို စွဲမြဲမှတ်သားစေနိုင်ကြလိမ့်မယ်ပဲ ထင်ပါတယ်။

စကားပုံတွေကို ဖော်ထုတ်တင်ပြရာမှာ ခေတ်လူငယ်တွေအတွက် အကျိုးရှိစေမယ့် စကားပုံတွေကို ရွေးချယ်တင်ပြထားပါတယ်။

အဓိကက စာစီစာကုံးဖတ်မှတ် ရေးသား ကိုးကားကြမယ့် ကျောင်းသူ ကျောင်းသား တွေအတွက်လည်း ရည်ရွယ်ပါတယ်။

ပြီးတော့ ပညာရှာမှီး ဗဟုသုတ လေ့လာသူတွေ အတွက်ကိုလည်း ရည်ရွယ်ပါတယ်။

အားလုံးအတွက် တစိတ်တစ်ဒေသမှတ်သားကြစေဖို့ရာနဲ့ အသိဉာဏ်ဖွံ့ဖြိုး ရေအားပေးစေဖို့ရာလည်း ရည်ရွယ်ပါတယ်။

အဲလိုပဲ မိမိတို့ ရေးသားပြောဆိုကြရာမှာ၊ ထုတ်နုတ်တင်ပြကြစေဖို့ရာအတွက်၊ တစ်စိတ်တစ်ဒေသ အနေနဲ့ပဲဖြစ်ဖြစ်၊ အထောက်အပံ့ ဖြစ်ခဲ့မယ်ဆိုပါက ခုလိုစုစည်းဖော်ထုတ်တင်ပြရတာ အကျိုးနပ်လှပြီ ခံယူပါတယ်။

တချို့ကုလားမနိုင်ရခိုင်မဲ ဆိုတာမျိုးတွေ အမှန်က ကုလား မနိုင် ရခိုင်မေးပဲ ဖြစ်ပါတယ်ဆိုတာ အမှန်ကို တင်ထားပါတယ်။

ပြီးမိမိကြိုက်နှစ်သက်တဲ့ 'ချေးလဲစားသေး ချေးယိုသူလဲ ဟောင်သေး' ဆိုတာလဲ ထည့်သွင်းထားပါတယ်။ ပြီးသူ့အိမ်ထမင်းစားသူ ခြံထဲမစင်စွန့်တွေ ပါ နှစ်သက်ဖွယ်ရာပါ။

ရှေးရှေးတုန်းကတည်းက ပြောခဲ့ကြ ဆိုခဲ့ကြ ကျေးဇူးပြုခဲ့ကြသူတွေရဲ့ ကျေးဇူးကို ကြည်ညိုလေးမြတ်စွာဖြင့် . . .

ရေမတိုးမီ တံတားဆောက်ပါ (အဇီး)

လှေကမ်းမဆိုက်မီ တက်ဖြင့် ကြိုထိုးပါ (မွန်)

အားလုံးကျန်းမာချမ်းသာကြပါစေ . . .

အလင်္ကာ-မြတ်ဇာနည်

၇. ၂. ၂၀၀၀

ညဉ့် (၇ း၀၅) မိနစ်

(က)

- ကြောက်မွေးပါ ဇာဂနာနဲ့နှုတ်။
- ကျော်မကောင်း ကြားမကောင်း။
- ကျွမ်းကျင်ရာလိမ္မာ။
- ကျော်တော့လျှော့သူကြီး ညားတော့လျှော့ထိုးသား။
- ကိုးကြောင်းမြင်သိ ပညာရှိ၊
- ကိုးလန့်စာစာ။
- ကိုးကြည့် ကြောင်ကြည့်။
- ကျားချင်ကျားမီး ယပ်ပဲ။
- ကျ မကောက်ဘဲ ပျောက် မရှာ။
- ကြောက်မှန်းသိ ဖြဲခြောက်။
- ကြက်ခေါင်းဆိတ်မခံ။
- ကြောင်လက်သည်းဝှက်။
- ကြံကြောက်လှည်းအောက်မအိပ်နှင့်။
- ကြံကိုအရင်း ဆန်ကိုဆန်ရင်း လူကိုလူရင်း။
- ကွမ်းသီးကြိုက်တောင်ငူပို့၊
- ကွမ်းစားထုံးပေါက် နှစ်မူရောက်။
- ကွာပါဆိုတော့ သူများက၊ လွမ်းရတော့ ကိုယ်က။
- ကိုယ့်ကြမ္မာကိုယ်ဖန်တည်း။

- ကိုယ့်အထုပ် ကိုယ်ဖြေပြ။
- ကိုယ့်ဝန်ကိုယ်ထမ်း။
- ကိုယ့်လိပ်ပြာ ကိုယ်မရှက်။
- ကိုထွေးသည့် တံတွေး ကိုယ်ပြန်မျိုရသလို။
- ကိုယ်ကြိုက်က ထန်းလက်ခြောက် နတ်ရုပ်ထင်။
- ကောက်သင်းကောက်သူက အနှံ့ကြီးကြိုက်။
- ကစားသမား စကားမတည်။
- ကဆုန်နယုန် ဆွေ့ဆွေ့ခုန်။
- ကတုံးပေါ် ထိပ်ကွက်။
- ကဖျက် ယ ဖျက်။
- ကရဏီယနှင့်ဆွမ်းစား အံ့သွားဗာဘက်ချိုင့်လိုက်။
- ကရားရေလွှတ် တတွတ်တွတ်။
- ကရုဏာလွန်သော် ဒေါသ။
- ကရွတ်ကင်းလျှောက်။
- ကလေး မုန့်ပေးကြိုက်သလို။
- ကလေးရှက်လျှင်ငို ၊ လူကြီးရှက်လျှင်ရယ်။
- ကလိမ်ဈေး ငြမ်းဆင်။
- ကာလဝိပါက် နောက်ပိုးတက်။
- ကုဋီအိမ်ပျက် အပြင်ခက်။
- ကုလားမှာ ကလယ်၊ ငါးမှာ ငဖယ်။
- ကုလားကြီးနှင့် အရာကြီးအတူတူ။

- ကုလားခတ်တဲ့ရေ ကုလားဖင်ဆေးလို့ကုန်။
- ကုလားမနိုင်၊ ရခိုင်မေး။
- ကုလားမှန်ကြောင်း နှာခေါင်းသက်သေ။
- ကုလားသိုက် ကျားဝင်ကိုက်သလို။
- ကုသိုလ်ကံပေး မရသေး နှောင့်နှေးဗျာပါမရှိရာ။
- ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ။
- ကုသိုလ်လည်းရ ဝမ်းလည်းဝ။
- ကွဲ့ရဲ့ ခုနစ်ရက် ချီးမွမ်းခုနစ်ရက်။
- ကိုယ်ထင် ခုတင်ရွှေနန်း။
- ကိုယ့်ကိုယ်ကိုယ်ပင် ချောတယ်လှတယ်ထင်။
- ကိုယ့်ကိုယ်ကိုယ်သာ ကိုယ်ဆရာ။
- ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာ။
- ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်း။
- ကိုယ့်ငါးချဉ် ကိုယ်ချဉ်။
- ကိုယ့်စေတနာ ကိုယ့်အကျိုးပေး။
- ကိုယ့်စိတ်နှင့် နှိုင်း မရိုင်း။
- ကိုယ့်တပ် ကိုယ့်ပြန်နင်း။
- ကိုယ့်ထမင်းကိုယ်စား၊ ကြီးတော်နွားကျောင်း။
- ကိုယ့်ထက်သာ မနာလို။
- ကိုယ့်ပေါင် ကိုယ်လှန်ထောင်း။
- ကိုယ့်ဖို့ကြံ့ သက်လုံကောင်းစေ။

- ကိုယ့်မေတ္တာရှိမှ သူ့မေတ္တာရှိ။
- ကိုယ့်မျက်ချေးကိုယ်မမြင် သူများမျက်ချေးကိုယ်မြင်။
- ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက်။
- ကိုယ့်ရှူး ကိုယ့်ပတ်။
- ကိုယ့်လူ သူ့ဘက်သား။
- ကိုယ့်လှေကိုယ်ထိုး ပဲခူး(ပဂိုး)ရောက်ရောက်။
- ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား။
- ကိုယ့်ဝမ်းနာ ကိုယ်သာသိ။
- ကိုယ့်အတတ်နှင့် ကိုယ်စူး။
- ကိုယ့်အထုပ် ကိုယ်ဖြေပြ။
- ကိုယ်ကကြူး ကိုယ့်ဒူးသော်မှမယုံရ။
- ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေး။
- ကိုယ်တင်သည့်စစ်ကဲ ကိုယ်ချ၍မရ။
- ကိုယ်တွေ့ကြုံမှ ယုံကြည်ရ။
- ကိုယ်ထွေးသည့်တံတွေး ကိုယ်ပြန်မျို။
- ကိုယ်နှင့်နှိုင်း မရိုင်း။
- ကိုယ်နှင့်ထပ်တူ ကိုယ်ပင်ဟူ။
- ကိုယ်မချို အမိသော်လည်း သားတော်ခဲ။
- ကိုယ်မလှ ကိုယ်မမြင် သူများမလှ ကိုယ်ရယ်ချင်။
- ကိုယ်မွေးသည့်မျောက် ကိုယ့်ပြန်ခြောက်။
- ကိုယ်ရိပ်ပမာ ထက်ချပ်ပါ။

- ကောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေး။
- ကောက်သော်မစားလောက် ဖြောင့်သော်စားမကုန်။
- ကင်းခြေများ ခြေတစ်ချောင်းပြုတ်၍ အသွားမပျက်။
- ကောင်းကင်မီးလောင် တိမ်တောင်ပျားစွဲ။
- ကောင်းမှန်းသိ သာအိတစိုစို။
- ကောင်းလျှင်စံ ဆိုးလျှင်ခံ။
- ကိုင်းစွန်းမှီ ကျွန်းကိုင်းမှီ။
- ကိုယ့်မြားမြောင် လူတို့ဘောင်။
- ကုန်ရှုံးလျှင်တစ်ခေါက်လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်။
- ကုန်းခါမှ ဖုံးသမျှပေါ်။
- ကုန်းလည်းပိုးသေး လှေလည်းဆင်းသေး။
- ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ။
- ကမ္ဘာမြေစာ ဘယ်ခါမှမခွဲ။
- ကမ္ဘာပျက်ခါနီးမှ လူဖြစ်ရသလို။
- ကမ္ဘာမီးလောင်ရာ ဆီမီးခွက်က ထတောက်။
- ကမ္ဘာမီးလောင် သားကောင်ချနင်း။
- ကံကောင်းသည့်ခွေး ပြေးရင်းဈေးပုံဟပ်မိ။
- ကံကောင်းမှ ဖလောင်းဖားဖြစ်။
- ကံကောင်းလျှင်တစ်ချက် အကြံပိုင်လျှင် တစ်သက်။
- ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ။
- ကံမကောင်း အကြောင်းမလှ။

- ကံမခိုင် သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး။
- ကံမရှိ ဉာဏ်ရှိတိုင်းမွဲ။
- ကံယုံလျှင် ဆူးပုံနင်း။
- ကံယုံလို့ ဆူးပုံမနင်းနဲ့။
- ကံသာအမိ ကံသာအဖ။
- ကျလို့လည်းမကောက် ပျောက်လို့လည်းမရှာ။
- ကျားကိုက်ပါတယ်ဆို နာတာရှည်လားမေး။
- ကျားကျား မီးယပ်။
- ကျားကြီး ခြေရာကြီး။
- ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး။
- ကျားဆရာကြောင် ကြောင်ဆရာကြွက်။
- ကျားနေမြဲ ပိုနေမြဲ။
- ကျားဖင်ကိုသာ နှိုက်လိုက်ချင်သေး။
- ကျားမြီးကို ဆွဲမိသလို။
- ကျားရဲရာ ကြံမှာမယိုးသာ။
- ကျားရှေ့ မှောက်လျက်လဲ။
- ကျားလည်းကြောက်ရ ကျားချေးလည်းကြောက်ရ။
- ကျားသနားမှ နွားချမ်းသာ။
- ကျားသေကို အသက်သွင်းမိသလို။
- ကျီစားသန် ရန်ဖြစ်။
- ကျီးကန်းတောင်းမှောက်။
- ကျီးကန်းတောင်းမှောက် ကယောက်ကယက်။

- ကျီးကန်းသူကောင်းမြှောက် ချေးခြောက်ကောက်စား။
- ကျီးနဲ့ ခင်ပုပ် ရန်ဖက်လုပ်။
- ကျီးလန့် စာစား။
- ကျီးသာလို့ ညော့်လာ။
- ကျူပင်ခုတ် ကျူငုတ်မှမကျန်ရ။
- ကျေးဇူးမတင် လင်မရ ကျေးဇူးတင်မှ လင်ရ။
- ကျေးဇူးရှိမှ ကျေးစွပ်ရ။
- ကျေးဇူးရှင် ကျေးစွပ်။
- ကျေးဇူးသိမှ သူတော်ကောင်း။
- ကျော်တော့ လှေသူကြီး ညားတော့ လှေထိုးသား။
- ကျော်ပေမဲ့ ငဖျော်ဘာမှမရ။
- ကျောကသားလည်းသား၊ ရင်ကသားလည်းသား။
- ကျောချမှ ဓားပြမှန်းသိ။
- ကျောက်စောင်းထက် ရေစောင်းကထက်။
- ကျည်ပွေ့က အတက်မပေါက်ဘူး။
- ကြာကြာဝါးမှ ခါးမှန်းသိ။
- ကြာကိုမြင်က ရေကိုသိ၊ မြက်ကိုမြင်က မြေကိုသိ။
- ကြီးနိုင် ငယ်ညှင်း။
- ကြီးလျှင်ချီ ငယ်လျှင်မှီ။
- ကြီးချင်းထား ကြီးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ။
- ကြီးစားက ဘုရားဖြစ်။
- ကြက်ကလေးကို ကြက်မကြီးလှည့်စားသလို။

- ကြက်ကန်း ဆန်ပြ။
- ကြက်ကန်း ဆန်အိုးတွေ့။
- ကြက်ခေါင်းဆိတ် မခံ။
- ကြက်ဆူပင် မင်းမူ။
- ကြက်တစ်ပိဿာ လူကိုးရာ။
- ကြက်တူရွေးက တော်တော်၊ မယ်တော်က ကဲလွန်း။
- ကြက်နှစ်ကောင် အိုးမဲသုတ်၍တိုက်။
- ကြက်နှစ်ဖလည်းပန်းစေဦး ၊ လုပ်ငန်းလည်းတွင်စေဦး။
- ကြက်နှစ်ဖလည်းပန်းစေဦး ၊ ထွန်ရေးလည်းရစေဦး။
- ကြက်မတွန်၍ မိုးမဆင်း၊ ကြက်ဖတွန်မှ မိုးလင်း။
- ကြက်မှာအမြစ် လူမှာအချစ်။
- ကြက်မှာအရိုး လူမှာအမျိုး။
- ကြက်မောက်လှီး၍ ကြက်စာခွန်။
- ကြက်သွန်ချည်းနေ အကောင်းသား ၊ ငရုတ်သီးနှင့် ပေါင်းမှ အထောင်းခံရ။
- ကြက်ဥ အစရှာမရ။
- ကြက်ဥအရောင် ၊ တိမ်တောင်သဖွယ် ၊ မင်းရေးကျယ်။
- ကြောက်လျှင်လွဲ ၊ ရဲမင်းဖြစ်။
- ကြောက်တယ်ဆို မျက်လုံးပြူးခြောက်။
- ကြောက်တိုင်း မခြောက်နှင့် ၊ မြှောက်တိုင်းမမြှောက်နှင့်။
- ကြောက်တတ် ရန်ကင်း။

- ကြောက်တတ် ဝန်ကင်း။
- ကြောက်ပါသည်ဆိုမှ ကြောင်နှင့်ခြောက်။
- ကြောက်ပါသည်ဆိုမှ မျက်လုံးဖြဲခြောက်။
- ကြိုက်မရှက် ၊ ငိုက်မရှက် ၊ ငတ်မရှက်။
- ကြောင်မရှိလို့ ကြွက်မြူး။
- ကြောင်လက်သည်းဝှက် လိုမှထွက်။
- ကြောင်သူတော် ချေးယိုတော့ ကြွက်မွေးပါ။
- ကြောင်သွား၍ ဆီးနှင်းမကြွေ။
- ကြောင်အို ကြွက်မလေး။
- ကြည့်တတ် ဘာဝနာ၊ မကြည့်တတ် တဏှာ။
- ကြည့်လေဝေးလေ နားရွက်လို ။
- ကြံ့ကြောက် လှည်းအောက် မခိုသာ ။
- ကြံတိုင်းအောင် ၊ ဆောင်တိုင်းမြောက် ။
- ကြံ့သာအစဉ်ချို ၊ လူအစဉ်မချို။
- ကြမ္မာဆောင် ၊ သားကောင်ဆိတ်ဖြစ်။
- ကြမ်းကြားလေနှင့် ဗူးခါးရေ။
- ကြမ်းကျွံလျှင် နှုတ်လို့ရ ၊ စကားကျွံလျှင် နှုတ်မရ။
- ကွယ်လျှင်မေ့ တွေ့တော့သေအောင်လွမ်း။
- ကွမ်းသီးကြိုက် တောင်ငူပို့။
- ကျွေးတိုင်းလည်းမစားနှင့် ပေးတိုင်းလည်းမယူနှင့်။
- ကျွေးတုံ့ကျွေးလှည့် မွေးတုံ့ မွေးလှည့်။

- ကျွဲချိုလိမ် လူနံပိန်။
- ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေဇာပင်မခံနိုင်။
- ကျွဲပါးစောင်းတီး။
- ကျွမ်းကျင်ရာ လိမ်မာ။
- ကြွေတစ်လက် ကြက်တစ်ခုန်။
- ကြွေးတင် ရှင်ဘုရင်ဆပ်။
- ကြွက်ကိုပြီးလို့ ကျီမီးနှင့်ရှို့။
- ကြွက်ခွန်တောင်းတော့ငှက်၊ ငှက်ခွန်တောင်းတော့ကြွက်။
- ကြွက်စုတ်ရေနစ် သလို။
- ကြွက်သေတစ်ခု အရင်းပြု။

## ( ခ )

- ခြသေ့်မှန် လည်ဆံက သက်သေပြ။
- ခြံဝင် နွားပါမှ။
- ခြံစည်းရိုးပေါ် ခွထိုင်သလို။
- ချံအကျိုးယုန်သိ။
- ချုံတိုး ပုဆိုးစုတ်။
- ချိုးမှန်းမသိ ခါမှန်းမသိ။
- ချိုတစ်တောင်ပြည့်မှ အမော့သင်။
- ချွေးမှ ရဲသည်။
- ချစ်တုန်း ခင်တုန်း တစ်ပြုံးပြုံး။
- ချစ်စခင်စ ကြွင်နာစ၊ ကြားလေသွေး ဝေးသည်ထင်။
- ချဉ်ချဉ် တူးတူးမူးပြီးရော။
- ခြောက်တိုင်းလည်းမကြောက်နှင့် မြောက်တိုင်းလည်း မမြောက်နှင့်။
- ချော့ချီတစ်ခါ ခြောက်ချီတစ်လှည့်။
- ချေးလဲစားသေး ချေးယိုသူလဲပောင်သေး။ ချွေးသုန် ချေးကုန်ခဲ။
- ခွေးဝမ်းသာအောင် လေလည်ပြသည်။
- ခွေးမှာနှာရောင် ကြောင်မှာနဖူး။
- ခရေစေ့ တွင်းကျ။
- ခရီးတွင်လာ ရွာစဉ်ဖြင့်မသိ။
- ခရီးသွား ဟန်လွှဲ။

- ခရုခါးတောင်းကျိုက် ဖမ်းသလို။
- ခရီးတွင်လို့ ရွာစဉ်မသိ။
- ခရောင်းတော လှည်းကြမ်းမောင်းသလို။
- ခရုမှာအဆံနှင့် လူမှာအကြံနှင့်။
- ခရမ်းသီးပိန်ခိုက် ဓားတုံးခိုက်။
- ခလုတ်ထိမှ အမိဟ။
- ခလုတ်သင်ဖြူး ၊ ဆူးကိုမွှေ့ယာ။
- ခါချဉ်ကောင်မာန်ကြီး၍ တောင်ကြီးကိုဖြိုမဲ့ကြံ ခါးကမသန်။
- ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ။
- ခုနစ်ယောက်မှာ တစ်ယောက်စုန်းပြူး။
- ခုနစ်အိမ် တစ်အိမ်စုန်း။
- ခုမှပေါ် ထင် ရွှေကြာပင်။
- ခုရေတွင်းတူး ခုရေကြည် သောက်ချင်။
- ခုရှုပ်မှ နှောင်ရှင်း။
- ခုလင်နေ ခုသားမွေးချင်။
- ခယ်မကို ခဲအိုကြံ မိုးကမမှန်။
- ခယ်မကို ခဲအိုနိုး ကောင်းတဲ့ ရွှေမိုး။
- ခဲမှန်ဘူးတဲ့ စာသူငယ်။
- ခဲလေသမျှ သဲရေကျ။
- ခိုးစားတော့ခွေးဟောင် လုပ်စားတော့မိုးခေါင်။
- ခိုးတတ်လျှင် ယိုးတတ်တယ်။

- ခိုးရာလိုက် ကြိုက်လို့မထင်နှင့်။
- ခင်ကြီးတောထွက် အပြောခက်။
- ခေါင်းဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွား တစ်သိုက် ဖြောင့်ဖြောင့်လိုက်။
- ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း။
- ခေါင်းတစ်လုံးနှင့် ရေအိုးနှစ်လုံးမရွက်နိုင်။
- ခေါင်းနှစ်လုံးနှင့်ဟသ်ာငှက်၊ ကြားလူကြောင့်အချစ်ပျက် ။
- ခေါင်းသွားရာ အမြီးပါ။
- ခုတ်ရာတခြား ရှရာတခြား။
- ခပ်ကွင်းပြင်တာနှင့် ရွာသစ်ကြီးရောက်။
- ခပ်တိုင်းငံသည့် ပဲခူးဆား။
- ခပ်ပြာကို ရွှေမှတ်လို့ပန်မိ။
- ချော်လဲ ရောကိုင် ။
- ချိုကုပ်ရှိရာ ၊ ချိုကုပ်လာ။
- ချိုကျိုး နားရွက်ပဲ့။
- ချက်ဆိုလျှင် နားကွက်ကမီးတောက်။
- ခြောက်မှန်းလည်းမသိ ၊ လှန့်မှန်းလည်းမသိ။
- ချင်းကြားရေမှတင်။
- ချောင်းကိုပြစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့၊ အပေါင်းကို ပစ်၍အသစ်ကိုရှာ နေရာများ၍ ကြားမစေ့။
- ချောင်းရိုး မြောင်းရိုးသာတိမ်ကော ၊ လူမျိုးမတိမ်ကော။

- ချစ်ခင်ပေါင်းသင်း မိတ်ဆွေရင်း ငွေချေးခြင်းဖြင့် ကွဲတတ်ကြ။
- ချစ်စကိုရှည်စေ ၊ မုန်းစကို တိုစေ။
- ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်။
- ချစ်တီးခေါင်း သန်းရှာသလို။
- ချစ်တိုင်းမညား ညားတိုင်းမချစ်။
- ချစ်တုန်းခင်တုန်း တစ်ပြုံးပြုံး။
- ချစ်လုံးလုံး မုန်းလျားလျား။
- ချစ်လျှင်အကျိုး မြတ်နိုးလျှင်သဒ္ဓါ။
- ချစ်သော်သက်နှုန်း မုန်းသော်ရန်သူ။
- ချည်သေးလို့ချားမလည် ၊ ငယ်သေးလို့နားမလည်။
- ချဉ်ချဉ်တူးတူး မူးလျှင်ပြီးရော။
- ချိပ် ချိပ်ခြင်းမှ ချိတ်၍ရ။
- ချိန်တော့မိုး ထိုးတော့မြေကြီး။
- ချိမ်းလွန်းလျှင် မိုးမရွာ။
- ချုပ်နေကျအပ် သံချေးမတက်။
- ခြေနှစ်ချောင်း မတယ်ကောင်း။
- ခြေသလုံးမြင်ရုံနှင့် ကျေးတောသားမှန်းသိ။
- ခြေသလုံး အိမ်တိုင်။
- ခြသေ့မှန် မမှန် မင်ဆံကသက်သေ။
- ခွေးကလေးချစ် ပါးယက် နားယက်၊ လူကလေးချစ် ခေါင်းတက် နားတက် ။
- ခွေးကိုရိုက်ချင် ခွေးရှင်မျက်နှာထောက်ရသေး။

- ခွေးအို လက်ပေးသင်။
- ခွေတစ်ထောင်ထည်း။ မျောက်တစ်ကောင်ကျ။
- ခွေးပါးစပ်က နတ်စကားပြော။
- ခွေးတောက်မြစ်ယှက် စိုက်ရောဖက်က သရက်ပင်မင်း သီးချိကင်း၏။
- ခွေးပုကရန်လို လူပုကစိတ်တို။
- ခွေးဖင်သီ ညှော်သည်ရောက်။
- ခွေးဖြူ တောမတိုးဝံ့ ။
- ခွေးဖိုတစ်ထောင် ကြောင်ဖိုတစ်သိန်း။
- ခွေးမရောက် အိမ်မိုးခေါင်၊ လူမရောက်မြင်းမိုရ်တောင်။
- ခွေးမြီးကောက် ကျည်တောက်စွပ်။
- ခွေးမှာနှာရောင် ကြောင်မှာနဖူး လူမှာဒူး။
- ခွေးရှူးကောင်းစား တစ်မွန်းတည့်။
- ခွေးရှူးဖက်ကိုက် ခွေးကောင်းနာရွက်ပြတ်။
- ခွေးလိမ္မာအမြီးကုတ် လူလိမ္မာနောက်ကိုဆုတ်။
- ခွေးလှေးခုန်၍ ဖုံမထ။
- ခွေးဝမ်း ဆန်စား၍မကြေသလို။
- ခွေးဝမ်းသား ရှိ လေလယ်။
- ခွေးဟောင်တိုင်းထ၍ကြည့် အိပ်ရေးပျက်။
- ခွေးဟောင်၍ တောင်ပို့မပြေး။
- ခွျေတာစုဆောင်း သူဌေးလောင်း။

( ဂ )

- ဂဠုန်ပြည် ဂဠုန်၊ နဂါးပြည် နဂါး။
- ငွေးတောက် (ခွေးတောက်) သရက်ရော၍စွက်က သရက်ပင်မင်း သီးချိုကင်း။
- ဂုဏ်လို့မှ ဂုဏ်ပိုရသည်။
- ဂုတ်(ကုပ်)ကောင်းလို့ ဓားတောင်းသည်။
- ဂါထာပေး တေးဖြစ်။
- ဂါထာဟူ့ကူ ဥုံပါမှ။
- ဂူပျက်ကိုလည်းမအောင်းနှင့် လူပျက်ကိုလည်း မပေါင်းနှင့်။
- ဂေါဏာမံသံလဲ မစားနှင့် ကောခြေရုံလဲမများနှင့်။
- ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှကိုယ်ကြင်။
- ဂြိုဟ်ပေါင်းတစ်ရာ ကမ္ဘာတစ်ခု။

( ဃ )

- ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်။

## (င)

- ငှက်တစ်ကောင် မြားတစ်စင်း။
- ငွေအကဲ ပန်းပဲသိ။
- ငါးတကာချေး ပုစွန်ဆိတ်ခေါင်းပုံ။
- ငရဲကလာသူ ပြာပူမကြောက်။
- ငရဲကြီးမှ ငရဲကလေးနိုင်။
- ငရဲပန်း ရွှေပန်းမှတ်လို့။
- ငရဲအိုး လက်ညှိုးနှင့်ထိုးမိ။
- ငရုတ်သီးထဲကပိုး၊ အစပ်မကြောက်။
- ငရုတ်သီးမှုန့် ခုနစ်လံ ရေငုတ်စား စပ်၏။
- ငါ့စကားနွားရ။
- ငါ့နွားလည်းပျောက် အမောင်လည်းရောက်၊
  အမောင်နွားခိုး ငါမယိုး။
- ငါ့မယုံ ငါ့မယားမေး။
- ငါ့မြင်းငါးစိုင်း စစ်ကိုင်းရောက်ရောက်။
- ငါ့လှေငါထိုး ပဲခိုးရောက်ရောက်။
- ငါ့သမီးလိမ်မာလှသည်ဟု ချီးမွမ်းသည့်ကြား
  ယောက်မ မြင်းစီးထွက်။
- ငါငင်၍ သူမယိမ်း၊ သူသိမ်းမှ ငါပါရချေမည်။

- ငါနှင့်ငါ့သာ နှိုင်းစရာ။
- ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နှင့်။
- ငါမွေးသည့်မျောက် ငါ့ပြန်ခြောက်။
- ငါလိုလူ ဇမ္ဗူမရှိ။
- ငါးကြော်မကြိုက်၊ ကြောက်မိုက်။
- ငါးကြွင်းဆီနှင့် ငါးကြွင်းကြော်။
- ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်။
- ငါးစာသာမြင်၍ ငါးမျှားချိတ်မမြင်။
- ငါးစိမ်းမြင် ငါးကင်ပစ်။
- ငါးတုလို့ ခရုပွက် ဒိုင်ပျက်။
- ငါးပိနှင့်လောက် ရွှေနှင့်ကျောက်။
- ငါးပိဖုတ်သော်မှ ဆရာမပြ နည်းမကျ။
- ငါးပိဖုတ်မျက်နှာသာပေး၊ ရွှေရေးပန်းကန်တက်။
- ငါးပိဖုတ် ရွှေပဝါနှင့်ထုပ်။
- ငါးပျံတစ်လှည့် ဗုံလုံတစ်လှည့်။
- ငါးပြေမ ဆားပက်သလို။
- ငါးပွက်ရာ ငါးစာချ။
- ငါးဖယ်ကများ အရိုးများတယ်ပြောရသေး။
- ငါးမှာငါးသလောက် မယားမှာဆံတောက်။
- ငါးရှိုးမြက် လက်တို။
- ငါးရံ့ရတော့ စပ်တူစပ်တူ၊ ငါးခူရတော့ခွဲခြား ခွဲခြား။

- ငါးလွှတ်မှ ကွန်ပစ်သလို။
- ငါးသိုင်းများ ဟင်းဟုန်။
- ငယ်တချစ် အနှစ်တစ်ရာမမေ့သာ။
- ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း။
- ငယ်လျှင်လဲ၍ လောက်မှ ကြီးလျှင်လဲ မှီလောက်မှ။
- ငိုချင်လျက် လက်တို့။
- ငိုတတ်သည့် ကလေး နို့စို့ရ။
- ငိုရင်လည်းရိုးရိုးငိုပါ ပိန္နဲပင်မပါစေနဲ့။
- ငိုသာငို မစိုတဲ့မျက်ရည်။
- ငိုအားထက် ရယ်အားသန်။
- ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်။
- ငုံးမျှော်သလို တစ်နေ့သော်လည်း အမြီးပေါက်နိုးနိုး။
- ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းကိုင်ချင်။
- ငွေနှင့်မဝယ် ကျွန်မမယ်။
- ငွေမရှိ ကတိမတည်။
- ငွေများက တရားနိုင်။
- ငွေအကဲ ပန်းပဲမသိ။
- ငှက်ခြေရာ ကောင်းကင်မှာ မထင်။
- ငှက်တစ်ကောင် မြားတစ်စင်း။
- ငှက်တို့မည်သည် ပျံရင်းသေ ၊ လူတို့မည်သည် ကြံရင်းသေ။
- ငှက်ပျောပင်စိုက် မိလိုက်ဖပါ။

- ငှက်ပျောသီးပေး ဘုန်းကြီး စာထတ်။
- ငှက်ပျောသီးအခွံ နွှာသလို။
- ငှက်မသိတော့ ဆက်ရက်ကိုချိုးထင်။
- ငှက်မသိတော့ ဆက်ရက်ချိုးထင်၊ အချက်မသိတော့ သမက်ကို သူခိုးထင်။
- ငှက်သရော် နဲ့ကော်မိ၊ လူသရမ်း ဘေးကြမ်းထိ။
- ငှက်၏တန်ခိုးစျာန် ကောင်းကင်ယံ၊ လူ၏တန်ခိုးစျာန် မီးပုံးပျံ။

( စ )

- စာမတတ် လမ်းမှာဖတ်။
- စိတ်ထားတတ်မှမြတ်သည်။
- စကားကောင်း ဒိန်းဒေါင်းဖျက်။
- စကားချောက်ခွန်း လူ့ဉာဏ်ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတယ်။
- စကား စကားပြောပါများ စကားထဲကဇာတိပြ။
- စကားဆို တောင်လိုမမောက်နှင့် တံတားအို မှောင်ခို မလျှောက် နှင့်။
- စကားဆိုသော်မတင်းနှင့် ၊ တရားလိုသော် မငြင်းနှင့် ပညာလိုသော် မပျင်းနှင့်။
- စကားနောက် တရားပါ။
- စကားနည်း ရန်စဲ။

- စကားပြောခြင်းသည် ငွေဖြစ်၍ တိတ်ဆိတ်စွာနေခြင်းသည် ရွှေဖြစ်၏။
- စကားများကအကြားကပ် စပါးလုံးများက အစားကျပ်။
- စကားများလျှင် အမှားပါ။
- စကားလွန် ကျွန်ဖြစ်။
- စကြာမင်းပတ္တမြား ဆင်းရဲသားမကိုင်နိုင်။
- စပါးစပါး ထောင်းပါများက စပါးထဲက ဆန်စေ့ရ။
- စပါးတစ်ရာ သင်ဖျာတစ်ချပ်။
- စပါးမှာစကုဗျပ်၊ မယားမှာတစ်ခုလပ်။
- စံပယ်ကောင်းလျှင် တစ်ပွင့်၊ အရွယ်ကောင်းလျှင်အသင့်။
- စံပယ်ကောင်းလျှင် ပန်ချင်သူများသည်၊ အရွယ်ကောင်းလျှင် ကြံချင်သူများသည်။
- စံပယ်ကြူလျှင် ပန်သူကောက်မြဲ၊ အရွယ်တူလျှင် ကြံသူရောက်မြဲ။
- စလယ်ဝင်ဖင်မမည်းခင် လင်ကွဲနှင့်တွေ့ဆုံ။
- စာချွန်သော်လည်း လူချွန်မှ။
- စာတတ် စာမှတ်ဖျက်။
- စာဖတ်ကြာသပတေး ၊ စာရေးသောကြာ။
- စာမတတ် ကြပ်ကြပ်အံ။
- စာမတတ် လမ်းမှာအံ။
- စာမတတ်လျှင် အကန်း၊ ယက္ကန်းမတတ်လျှင် အကျိုး။
- စာမရိုင်ကက်လို အမွေးတစ်ပင်အကျွတ်မခံ။

- စာသူငယ်ကြား လင်းတနားသလို။
- စားကားစား၏ မဝ၊ ပေးကားပေး၏ မရ။
- စားခါနီးထမင်းလုပ် လက်နှင့်ပုတ်ချခံရ။
- စားချင်မှန်းလူသိအောင် ခွေးကျိုးနှင့်ယှဉ်လိုက်။
- စားစရာမရှိ လျော်စရာရှိ။
- စားစရာ လက်တစ်ဆစ် ပြောစရာ မော်ကွန်းဖြစ်။
- စားတော့ပြုံးပြုံး ယိုတော့ပုံး။
- စားဖို့အတွက် အသက်ရှင်မနေပါနှင့်။
- စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲ။
- စားရတော့ တစ်လုတ်တစ်ဆုပ် ဝတ်ရတော့ အစုတ်အနုပ်။
- စားရမှာလဲ သဲတရှပ်ရှပ် ပစ်ရမှာလည်း အဆီနှစ်ရွှဲရွှဲ။
- စားလို့မငြီး ဇနစိုးသီး။
- စိ(ဇိ)ကိုကုပ် နတ်ပြည်တင်။
- စိစိတွေးတော့ရေးရေးပေါ်။
- စီးပွားပြည့်မူ ပျားသို့စု။
- စီးတဲ့ရေ ဆယ်တဲ့ကန်သင်း။
- စုဖန်များလျှင် ခြတောင်ပို့ဖြစ်။
- စူဠလိပ် ရေထဲလွှတ်သလို။
- စူးနေရာစူး ဆောက်နေရာဆောက်။
- စေ့စေ့စဉ်းစား အမှားမရှိ။
- စေ့စေ့တွေးသော် ရေးရေးပေါ်။

- စေ့စပ်မှသေချာ သေချာမှ ခိုင်မြဲ။
- စေတနာကို ဝေဒနာဖြစ်ရတယ်။
- စေတနာလွန် ကျွန်ဖြစ်။
- စေတဲ့ကျွန် ထွန်တဲ့နွား။
- စောက်(ဇောက်)ထိုးပြော ခေါက်ချိုးနားလည်။
- စောက်မှန်းမသိ ကမ်းမှန်းမသိ။
- စောင့်နိုင်လျှင် အကျိုးရှိ အောင့်နိုင်လျှင် သူခိုးမိ။
- စောင်ခြုံထဲက လက်သီးပြ။
- စောင်ဖြူစောင်ကျားချုံလို့မလုံ မေတ္တာချုံမှလုံတယ်။
- စိုင်ကော်လို့ ခြုံပေါ် ရောက်။
- စစ်မရောက်ခင်မှာ မြားကုန်။
- စစ်ရောက်မှ မြားချွန်။
- စည်ကြီးလို့ တီးမှမြည်။
- စည်တီးလို အီးပေါက်။
- စိတ်ကြောင့်ကြေ လက်ကြောင့်သေ။
- စိတ်တူသင်ဖြူး ၊ စိတ်မတူရှောက်ဆူး။
- စိတ်ထားတတ် မြတ်တယ်။
- စိတ်ထောင်းတော့ ကိုယ်ကြေ။
- စိတ်နောက် ကိုယ်ပါ။
- စိတ်ပါတော့ ကိုယ်ရောက်။
- စိပ်ပုတီးနှင့် မုသားပြော၊ ထန်းရေအိုးနှင့် တရားဟော။
- စိတ်ပေါင်း ကိုယ်ခွာ။

- စိတ်ပျိုလျှင် ကိုယ်နု။
- စိတ်ဖြေကောင်းလျှင်မကွက် ၊ မိတ်ဆွေကောင်းလျှင်တစ်သက်။
- စိတ်မဆိုးဘူး ကျွဲမြီးတိုတယ်။
- စိတ်မြှောက်တိုင်း မမှားနှင့် ၊ လူမြှောက်တိုင်း မကြွားနှင့်။
- စိတ်ရှိကန့်ပလူ စိတ်မရှိကြက်သွန်ဖြူ။
- စိတ်သာရှင်စော ဘုရားပေါ။
- စိတ်အားသန် ကြံတိုင်းပေါက်။
- စိန်ကဲရွှေကဲထက် လူကဲခတ်ရန်ခက်။
- စိန်ကောင်း ကျောက်ကောင်း ရောင်းဝယ်ရာ ဆေးရိုးသည်က ကန့်လန့်။
- စိန်နားကပ်အရောင်ကြောင့် ပါးပြောင်ခြင်း။
- စိန်အမှောင်ဖုံး ကြောင်အလင်း။
- စုန်း မတတ် တတတ်၊ လူကိုသတ်။
- စိုပြီးသောလက် မခြောက်ပါစေနှင့်။

## (ဆ)

- ဆန်ပေးမှ ဆေးရ။
- ဆန်ကုန်မြေလေး။
- ဆရာထက် တပည့်ကလက်စောင်းထက်။
- ဆရာမပြ ငါးပိဖုတ်မှ နည်းမကျ။
- ဆရာများ သားသေ။

- ဆရာလည်းဝေး ဆေးလည်းပြယ်။
- ဆရာလုပ်စ ဆွေမျိုးသေ။
- ဆာ၍မစား ကြုံ၍စား။
- ဆားမပါ ပေါ့ရွတ်ရွတ်။
- ဆားမှာလျှော့လို့ ဆန်မှာတိုး။
- ဆီဆေးစွန်းက ဆီစိမ်၍ချွတ်။
- ဆီဆုံနွားလို မရပ်မနား။
- ဆီလိုအပေါက်ရှာ။
- ဆီးစေ့နှင့်ပစ်၍ မြင့်မိုရ်တောင်မယိမ်းပါ။
- ဆီး(ဇီး)သီးစားချင်က ဆီးစူးခံရ၏။
- ဆူဆူပူပူမြူစူကင်းဝေး သောကအေး၏။
- ဆူလွယ် နှပ်လွယ်။
- ဆူးပေါ် ဖက်ကျလည်းဖက်ပေါက်
  ဖက်ပေါ် ဆူးကျလည်းဖက်ပေါက်။
- ဆူးကြားသီးရတဲ့ ဘူးလို။
- ဆေးကိုချည်းအားမကိုးနဲ့ ကိုယ်လည်းညစ်ပေးရသေးတယ်။
- ဆေးကောင်းတာ အင်းစောင်းသလောက်ရှိ။
- ဆေးကောင်းလျှင် သန်းခေါင်း(ဂေါင်း)။
- ဆေးစက်ကျရာ အရုပ်ထင်။
- ဆေးတစ်စက်နှင့် ပန်းတစ်ခက်ရေးချင်။
- ဆေးလည်းမကုန် ဆုံလည်းမနာ။

- ဆေးမစွမ်းကြောင်း သရဲကြမ်းမှသိ။
- ဆေးသမားမှာမထောင်းတာ လူနာမှာမခံချိ။
- ဆေးသမားမျိုး ပိုး၍မပေါက်။
- ဆေးသမား သားသေ။
- ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ။
- ဆိုခဲစေ မြဲစေ။
- ဆိုလေကဲလေ မန်းလေပြလေ။
- ဆိုးတူ ကောင်းဖက်။
- ဆောက်ဖြစ်မှ ကျောင်းတကာ။
- ဆင့် (ဟာကြီး) ခွေးမျှော်သလို။
- ဆင်ကန်း တောတိုး။
- ဆင်ကျိုစားရာ ဆိတ်မခံသာ။
- ဆင်ကြမ်းကကျုံး လူကြမ်းကရုံး။
- ဆင်ပိန် တော့ကျွဲလောက်။
- ဆင်ခေါင်း ခွေးမချီနိုင်။
- ဆင်စီး၍ မြင်းရံသည်ကို မြင်ချင်။
- ဆင်စွယ်မှန်ပြား ပိုးမစား။
- ဆင့်ပါးစပ် နှမ်းပက်သလို။
- ဆင်ပြောင်ကြီး အမြီးကျမှတစ်။
- ဆင်ဖိုးထက် ချွန်းဖိုးကြီး။
- ဆင်ဖြူတော် ပြုတ်စားဆိုက ဖိုးရှိမှ။

- ဆင်ဖြူမျက်နှာ ဆင့်မဲမကြည့်ဝန့်။
- ဆင်ဖြူတော်မှီ၍ ကြံစုတ်။
- ဆင်မှာတော့ကျောင်ငယ် ယင်မှာတော့ပင်လယ်။
- ဆင်းရဲကားရှေ့ ချမ်းသာကားနောက်။
- ဆင်းရဲ ငရဲမကင်း။
- ဆင်းရဲ တစ်ခါ ချမ်းသာတစ်လှည့်။
- ဆင်းရဲလေလေ သံဝေရရ။
- ဆင်းရဲသောသူ၌ ဆွေမျိုးမရှိ။
- ဆိတ်ချေးတစ်ရာ ဆင်ချေးတစ်တုံး။
- ဆိတ်ဆိတ်နေ ဝန်ခံရာရောက်။
- ဆုပ်လည်းစူး စားလည်းရှူး နမ်းလည်းမူးတဲ့ ပဒိုင်းသီးလို။
- ဆန်ကောဇလောက်မှ စောက်မနက်။
- ဆန်ကောမဟုတ် ဆန်ခါမဟုတ်။
- ဆန်ခိုးမမိ ဖွဲခိုးမိ။
- ဆန်စပ်ရာ ကျည်ပွေ့မလိုက်နှင့်။
- ဆန်တွင်စကုဗျပ် မိန်းမတွင်တခုလပ်။
- ဆန္ဒကြီးလျှင် ကြံသမျှပြီး။
- ဆန်ပေးမှ ဆေးရ။
- ဆန်ဖြူ ဆန်ကောင်း ထောင်းမှသိ၊ လူဆိုးလူကောင်း ပေါင်းမှသိ။
- ဆန်မရှိ အစားကြီး။
- ဆန်ရင်းနာနာဖွပ်။

- ဆန်ပောင်းလို့ ဆွမ်းလောင်း။
- ဆပ်ပြာသည်လင်ပျောက်။
- ဆပ်သဖူး ဆူးကဖျက်။
- ဆံချည်ကို ပွတ်ခံသလို။
- ဆံတစ်ပင်တင်း ချစ်ခြင်းမယား။
- ဆံထုံးတစ်ထောင် သျှောင်တစ်လုံး။
- ဆံထုံးတတ် ဆီစိုက်ရ။
- ဆံထုံးမတတ် အရပ်ထုံးစံ။
- ဆွေကောင်းလျှင် တစ်စလယ်၊ မျိုးကြွယ်လျှင် တစ်စလောင်း၊ လင်ကောင်းမှစံရ။
- ဆွေချင်းခြုံလုံ မျိုးချင်းထပ်မြတ်။
- ဆွမ်းခံရင်း ငှက်သင့်။
- ဆွမ်းဆန်ထဲ ကြွက်ချေးရော။
- ဆွမ်းတော်ကြီးပွဲလည်းမမီ ဘုန်းကြီးပျံလည်းမမီ။
- ဆွမ်းတော်ထားလို့ ဝမ်းတော်တောင်မဝနိုင်။

(ဈ)

- ဇနီးမကောင်း အပေါင်းအသင်းဖျက်။
- ဇနီးလိမ္မာ ဥစ္စာမဖြုန်း။
- ဇာတသတ်ကို ဒေဝဒတ်ဖြားယောင်းသလို။

- ဇာတ်တူသားစား၍ ဟသ်ာကိုးသောင်းပျက်။
- ဇာတ်ပေါမှ သဘောသိ။
- ဇွဲရှိမှ အောင်နိုင်မည်။

## (ဈ)

- ဈာပန ပြာကျမှ ပြန်တော့မယ်။
- ဈေးစပါး မျိုးပြု၍ အကျိုးမရှိ။
- ဈေးသည်ကြာ မြို့ရွာနှံ့။
- ဈေးသည်မ ခံတောင်း တွေ့ကရာသောင်းပြောင်း။
- ဈေးသုံးလည်းမလွယ်နှင့် ရှေ့ထုံးလည်းမပယ်သနှင့်။
- ဈေးအစ ဇာတ်အလယ် ဖာသယ်အဆုံး။

## (ည)

- ညီညွတ်ခြင်းသည် အင်အား။
- ညကလေးကောင်းကောင်း ၊လကလေး စောင်းစောင်း၊
  ခ ချွေး အကြောင်း သင်လှည့်ပါ။
- ညပြောအောက်ကြည့် နေ့ပြောနောက်ကြည့်။
- ညားတိုင်းမချစ် ချစ်တိုင်းမညား။
- ညီညာမှ ပြည်သာ။
- ညီအစ်ကိုနှစ်ခု ချိုး ဥပမာ။

- ညောင်စေ့လောက်လျှ ညောင်ပင်ကြီးလောက်ရ။
- ညောင် ညောင် နှင့် မဟုတ်မှလွဲရော ကေန္တ ငါတော့ ကြောင်ထင်တာပဲ။
- ညောင်ပင်ကြီးလောက်လျှ ညောင်စေ့လောက်ရ။
- ညောင်ပင်ကြီးအောက် ညောင်ပင်လေးပေါက်။
- ညောင်မြစ်တူး ပုတ်သင်ဥပေါ်။
- ညောင်ဦးကမ်းပါးပြို စမ္ပာနဂိုရ်ကန္တားမ ပေါင်ကျိုး။
- ညွတ်ကမတိုး ငှက်ကတိုး။
- ညှော်သာညှော် ငါးကြော်မစားရ။
- ညှော်သာညှော် မကြော်ဘူး ကျောင်းတကာ။

(တ)

- တန်ဆေး လွန်ဘေး။
- တံခွန်မထူရန်မမူ။
- တစ်ကောင်ကြွက် တစ်မျက်နှာ။
- တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း။
- တစ်ခါနိုး တစ်ခါမိ။
- တစ်ခါနိုးဆယ်ခါမိ အခါတစ်ရာထောင်ကျ။
- တစ်ခါဆက်ဆံ ဆယ်ခါလန်။
- တစ်ခါမလိမ္မာ ဆယ်ခါမော။
- တစ်ခါမယုံ ဆယ်ခါမယုံ။

- တစ်ခါရ ရ နိုးနိုး။
- တစ်ခါရှက်အပြင် နှစ်ခါရှက်မရှိ။
- တစ်ခါလာ မဲပြာပုဆိုး။
- တစ်ခါလာ မဲပြာပုဆိုး ဤအမျိုး။
- တစ်ခါသာသေမည် နှစ်ခါမသေ။
- တစ်ခါသေဘူး ပျဉ်ဖိုးနားလည်။
- တစ်ခုလပ်ကိုရှာ တစ်လင်ကွာကိုတွေ့။
- တစ်ချက်ခုပ် နှစ်ချက်ပြုက်။
- တစ်ခြုံကွယ်တစ်မယ်မွေး။
- တစ်စကောင်းသော် ၊ ဆယ်စကောင်း။
- တစ်စိတ်ပေး တစ်အိတ်ယူ။
- တစ်ဆိတ်ကို တစ်အိတ်လုပ်၍ပြော။
- တစ်ဆိတ်တစ်ဆိတ်နှင့် ကြာတော့တပည့်အိတ်လေး။
- တစ်ဆိတ် တစ်အိတ်ကြီးလုပ်။
- တစ်ဆုပ်ပေးဘူး သူ့ကျေးဇူး။
- တစ်လုပ်ကျွေးဘူး သူ့ကျေးဇူး။
- တညင်း(ဒညင်း)သီးက အိုးကိုပြောင်းပြန်။
- တတိတတိနှင့် အဘိုးကြီးတောင်ဖွေးထိ။
- တစ်တော တစ်ကြက်ဖတွန်။
- တစ်တက်စားလည်းကြက်သွန် နှစ်တက်စားလည်းကြက်သွန်။
- တစ်တွင်း တစ်ခြသေ့စံ။

- တစ်တည်မပြတ်ခင် တစ်စပ်ရှည်သည်။
- တစ်နေ့တစ်ခြား ရေနည်းငါးသို့။
- တစ်နေ့တစ်နေ့ တစ်ရွေ့ရွေ့ယွင်းယို။
- တစ်နေ့တစ်မျှင် တစ်လတစ်ဝင် တစ်နှစ်တစ်ခင်။
- တစ်နေ့တစ်ရက်နှင့် သေဖက်သို့ရှိနီး။
- တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ။
- တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့မလဲ။
- တစ်နေ့ရွှေ တစ်နေ့ငွေ။
- တစ်နေ့လုံးကတော်ပေမဲ့ ဥတော့တစ်လုံး။
- တစ်နွယ်ငယ် တစ်စင်ပါ။
- တစ်ပူပေါ် နှစ်ပူဆင့်။
- တစ်ပဲတနီကြောင့် တစ်လှည်းတန်ပျက်။
- တပို့တွဲ ပေါက်ငုံကင်း ထန်းရည်နင်း။
- တစ်ပင်လဲမှ တစ်ပင်ထူ။
- တပေါင်းတန်ခူး မင်းလွင်မြူး။
- တပေါင်းတန်ခူး မိုးသားကြူး။
- တပေါင်းတန်ခူး ဝမ်းမနူးနှင့်။
- တပည့်ကောင်းမှန်က ပန်းကောင်းပန်ရ။
- တပည့်ညာ ဆရာရင်ကျိုး။
- တပည့်မကောင်း ဆရာ့ခေါင်း။
- တပည့်ရှာ ဆရာတွေ့။

- တပည့်လိမ္မာ ဆရာအာပတ်လွတ်။
- တစ်ပြည်လုံးအတွက် ဝေဂ်ကာဒဏ်ခံ။
- တမာနှင့်ထန်းလျက် လက်ဖက်နှင့်မဲဇလီ။
- တမာလိုခါးသော်လည်း ပျားရည်ကဲ့သို့ချို။
- တစ်မူးတန်တွက်၍ တစ်ရာတန်ပျက်။
- တစ်မူးရလို့ တစ်ပဲလျှို့ တို့ရှမ်းတောင်သူ ကုန်နိုင်ရိုးလား။
- တစ်မင်းပြောင်းမှ တစ်မင်းအကြောင်းသိ။
- တစ်မိုးလုံးဖျောက်ဆိပ်ချည်းပဲ။
- တစ်မိုးအောက် တစ်ယောက်ထင်။
- တမှန်း နှမှန်းမသိ။
- တစ်ယောက်ကစ တစ်ရာ၊ တစ်ရာကစ တစ်ကမ္ဘာ။
- တစ်ယောက်ကောင်းက တစ်သောင်းပိုလ်ခြေ ညက်ညက်ကြေ၊
- တစ်ယောက်ကံကောင်း တစ်သောင်းပြို။
- တစ်ယောက်ကျေးဇူး တစ်ဦးမှာ။
- တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ၊ သတ္တဝါအပေါင်းဆင်းရဲကြောင်း၊
- တစ်ယောက်စကား တစ်ယောက်ကြား။
- တစ်ယောက်စကား တစ်ရွာနား။
- တစ်ယောက်တစ်ချက် ကျောင်းသားလက်။
- တစ်ယောက်အားဖြင့်ယူသော်မရ
  တစ်သိန်းအားဖြင့် ယူသော်ရ၏။
- တရားကို တေးဆို။

- တရားခံအငှားလိုက်။
- တရားတတ်သော်လည်း ဖြောင့်ခဲ၏။
- တရားနတ်စောင့်။
- တရားပျက်လျှင် ၊ တစ်ရက်ပြားမည်။
- တရားဖက်တော့ အမျက်ပြေ။
- တရားရှာ၊ ကိုယ်မှာတွေ့။
- တရားလိုက်က ဘုရားကြိုက်။
- တစ်ရေးနိုးသော်အကြံပေါ် ပေါ်သောအကြံ တစ်သိန်းတန်။
- တရုတ်နှင့်ခွေး ဇရပ်နှင့်မီးသွေး။
- တရုတ်ပြည် အပ်ရောင်းသွား။
- တရုတ်လို့ရှာ ကုလားလို့စု။
- တရုတ်လို့ရှာ ကုလားလိုသုံး ဗမာလိုမဖြုန်းနဲ့။
- တစ်ရွာတစ်ကျီဆောက်။
- တစ်ရွာတည်းနေ တစ်ရေတည်းသောက်။
- တစ်ရွာမပြောင်း သူကောင်းမဖြစ်။
- တစ်ရွာသွားတစ်အားယုတ် တစ်ခြံတိုးပုဆိုးစုတ်။
- တစ်လင်နေလည်းပွေးနှင့် တစ်လင်နေလည်းကြွေးနှင့်။
- တစ်လွန်းပေါ် နှစ်လွန်းတင်။
- တစ်လုပ်ကျွေးဘူး သူကျေးဇူး။
- တစ်လှေတည်းစီး တစ်ခရီးတည်းသွား။
- တစ်သားမွေး တစ်သွေးလှု။

- တစ်သက် တစ်ခါသေစမြဲ။
- တစ်သက် နှစ်ခါမသေ။
- တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ်။
- တစ်သက်လုံးမွေးထားသည့်ကြက် တစ်မနက်နှင့် သတ်စား။
- တစ်ဦးမေတ္တာ တစ်ဦးမှာ။
- တစ်ဦးမှာဆေး တစ်ဦးမှာဘေး။
- တီကိုလူကရွံ လူကိုတီကရွံ။
- တုတိုင်းမတူ တူတိုင်းမတုနှင့်။
- တူကြီးလျှင်ပေ လူကြီးလျှင်တေ။
- တူမကြီး ဝရီးမျက်ဆန်ကျယ်။
- တူရွင်းလို တူးမှထက်။
- တော်မလိုလိုနှင့် ရှော်သည်။
- တော်သလင်းနေ ပုဇွန်သေ။
- တောခွေး ကျားမကြောက်။
- တောစကား တောပျောက် အိမ်စကား အိမ်ပျောက်။
- တောဆင် ခမည်းပေးသလို။
- တောမီးလောင် တောကြောင် လက်ခမောင်းခတ်။
- တောမျောက်ပမာ စိတ်ခန္ဓာ။
- တောင်းကိုမဖောက် တောင်ကိုဖောက်သည်။
- တောက်တဲ့လျှည်းနင်း။
- တောမျောက်အသွင် စိတ်ဝိညာဉ် အစဉ်လှုပ်ရှားနေ။

- တောသားရဲ ခွဲထုတ်။
- တောသားလည်း ဆိုသေးရဲ့ ဗိုက်မှာလည်း ရွှံ့တွေနဲ့။
- တောသတ္တဝါကိုလိုသော် အိမ်သတ္တဝါနှင့် ရင်းနှီးဖမ်း။
- တောအကျိုးယုန်သိ ယုန်အကျိုးတောသိ။
- တို့ဘုရား မယားဖက်ခပ်ပါပါ။
- တီးတိုးပြော ပြည်ပျက်။
- တက်ကပ်မှာပညာ ဆုတ်ကပ်မှာဥစ္စာ။
- တောက်မည့်မီး ၊ ဖိုမှာရဲရဲ။
- တောက်လှသည့် တန်ဆောင်း တောင်မှာထွန်းသလို။
- တိုက်ပါများတော့ ခလုတ်ပင်နဲ့သေး။
- တိုက်မောင်းကို ပုန်ကန်၍ ဆန်တစသယ်ပေး၊ ချူက ဒူဟူဟူ မိမြည်းစမ်းပါနှင့်လို့။
- တင်တော့ဘုရား၊ စားတော့ကျိုးကန်း။
- တောင်းဆို ပလုံးဆိုသာပစ်နိုင်တယ် သားဆို သမီးဆိုကို မပစ်နိုင်။
- တောင်းမှာအကွပ် လူမှာအဝတ်။
- တိုင်း၍ရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အခန့်သင့်။
- တစ်တီတူးငှက်မျိုး မိုးပြိုမှာစိုး။
- တည်မိတဲ့ဘုရား လင်းတပင်နားနား။
- တတ်လို့မဟုတ် ငတ်လို့လုပ်သည်။
- တတ်သည့်ပညာ မနေသာ။
- တိတ်တိတ်နေက ထောင်တန်၏။

- တိတ်တိတ်နေ တစ္ဆေမှတ်သလား။
- တိတ်တိတ်နေဘီ သမ္မောဓိ။
- တန်ဆောင်မုန်းဆီမီး ပြောင်ငြီးငြီး။
- တန်ဆောင်မုန်းနတ္တော် ကောက်လှော်စား။
- တန်ဆောင်မုန်းနတ္တော် မုန့်ဆန်းပေါ်။
- တန်ဆောင်မုန်း ပွင့်တုန်းခဝဲ နှင်းဖွဲဖွဲ။
- တန်လျှင်ဆေး လွန်လျှင်ဘေး။
- တပ်စီးတစ်ရာ တပ်လာတစ်ထောင်။
- တပ်ပျက်မှာ ဗိုလ်လုပ်သလို။
- တန်ခူးလမှာ အဆမတန် ကျွန့်တော်မမှာ ရေမပြတ်ကြီးနှင့်။
- တံခွန်မလွှား ၊ ရထားမတင့်။
- တံခွန်မထူ ရန်မမူ။
- တင်မိသည့်ထီး မြေကြီးမခစေနှင့်။
- တင်မိသည့်ထီး လင်းတကြီးပင်နားနား။
- တည်မိတဲ့ဘုရား လင်းတပင်နားစေတော့။
- တောင်ကိုမဖောက် တောင်းကိုဖောက်။
- တောင်ကြီး ဖဝါးအောက်။
- တောင်ငူလည်း တောင်ငူ မောင်းထောင်လည်း မောင်းထောင်။
- တောင်စဉ်ရေမရ။
- တောင်စီဘရုန်း ငထန်းလယ်ထွန်။
- တောင်ထိပ်ကြာပေါက် အနောက်နေထွက်။

- တောင်ထိပ်ရောက်သူ တောင်အောက်မှစတက်ရ။
- တောင်ပူစာ နို့သာပေါ် လူပြောနှင့်ချည်း မယုံရာ။
- တောင်မကျ မြောက်မကျ။
- တောင်မင်းကို မြောက်မင်းကမကယ်နိုင်။
- တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး။
- တံတားအိုမှောင်ခိုမလျှောက်နှင့်
  စကားဆိုတောင်လို မမောက်နှင့်။
- တံတွေးခွက် ပက်လက်မျှော။
- တိမ်ယောင်နှင့်နက် လွယ်ယောင်နှင့်ခက်။
- တုံးကို မိုးကြိုးပစ် ပုတ်သင်အဆစ်ပါ။
- တုံးဆိုတိုက် ကျားဆိုကိုက်။
- တုံးတင်ကြောင်တက် မုန်းရင် မောင်ထွက်။
- တုံးတိုက်တိုက် ကမ်းဆိုက်ဆိုက်။
- တုံးတိုက်တိုက် ကျားကိုက်ကိုက်။
- တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာ။
- တွေ့ဘူးမှယုံ ကြုံဘူးမှသိ။
- တွဲကတော့မင်းသား ညားတော့ဆိုင်းသမား။
- တွဲကတော့မင်းသား ညားတော့လူပျက်။
- တွင်းကထွက်သည့် မရွတ်လူ။

## (ထ)

- ထင်တိုင်းလည်းမဆိုနှင့် ဝင်တိုင်းလည်းမမျိုနှင့်။
- ထကမိလို့ အကျိုးအဖတ်တင်။
- ထဆင်ထူးလုံးကြီးတင် ထီးမထင်တဲ့ ရွှေကျောင်းသား။
- ထပါများက ထိုင်ရတတ်။
- ထမင်းကို စေစားနိုင်သည် လင်ကိုမစေစားနိုင်။
- ထမင်းကို ကုန်အောင်စား စကားကိုကုန်အောင်မပြောနှင့်။
- ထမင်းချမ်းက အငွေ့ထွက်ချင်။
- ထမင်းချမ်း ယပ်ခတ်၍စား။
- ထမင်းခဲသာမြင်၍ တုတ်ကိုမမြင်။
- ထမင်းစား ကျွန်ခံ။
- ထမင်းစားဇာုန်း ရစ်ကြီးစေ့ ဝါးခိုင်းသလို။
- ထမင်းတစ်လုပ် တုတ်တစ်ချက်။
- ထမင်းတစ်လုပ် ရေတစ်မှုတ်။
- ထမင်းမစားရ တရားနာပြန်။
- ထမင်းရည်ပူလာ လျှာလွှဲ။
- ထမင်းရည်လို အပေါ်ကြောတင်း။
- ထမင်းဝ ခြေကြွချင်။
- ထသွား ပြန်ကြည့်။
- ထိမိတဲ့ခလုတ် နောက်ဆုတ်၍မရ။
- ထီးကို ခရိုင်ချုပ်။

- ထီးတင်ပွဲမမီလို့ ကျွဲလှည်းနှင့် ပြန်ခဲ့ရ။
- ထီးတင်ပွဲလည်းမမီ ဘုန်းကြီးပျံပွဲလည်းမရောက်။
- ထီးနန်းဆန် မန်းဟန်မို့ ကြော့ရှင်း။
- ထီးရ နန်းကိုပိုင်။
- ထုလေမာလေ ငါးဖယ်တေ။
- ထုဥသျှစ် ခံဥသျှစ် အဖြစ်အတူတူ။
- ထူထောင်ရေး ချွေးနှင့်ရင်း၊ တော်လှန်ရေး သွေးနှင့်ရင်း။
- ထူးထူးဆန်းဆန်း ငကန်းက မြင်သတဲ့။
- ထူးမှခေါ် ရှူမှကျော်။
- ထူးလျှင်တစ်သက် မထူးလျှင် တစ်မနက်။
- ထောပတ်ကောင်း စလောင်းနှင့်ထည့်။
- ထိုးမည့်ဆင် တစ်လှမ်းဆုတ်။
- ထောက်ထား ညှောင့်ယှက် မြောက်စားရောင့်တက်။
- ထိုက်တန်မှ တော်ဝင်။
- ထမနဲအိုးကွဲ ရွှေစည်းခုံဘုရားလှူ။
- ထင်တိုင်းကိုမဆိုနဲ့ ဝင်တိုင်းကိုမမျိုနဲ့။
- ထင်ပေါ်မှ စင်တော်ကကောက်။
- ထင်သာထင် မဝင်ဘူးကျောင်းအစ်မ။
- ထင်းဖြစ်မှတော့ မီးပူမှာမကြောက်နှင့်။
- ထောင်တန်သည့်စကား ရယ်ပေါ့ပျက်။
- ထောင်မလဲ သဲကော်။

- ထောင်မြင်၍ ရာပစ်။
- ထောင်လွှန်းတော့လဲ ပြောင်လွှန်းတော့ဆဲ။
- ထောင်လွှားမာန မောက်လွန်းကလည်း
  လျှောကျနောက်ဆုံး ရှုံချေ၏။
- ထောင်းသော်မနာ ကြိမ်းသော်နာ။
- ထိုင်နေအကောင်းသား ထသွားမှကျိုးမှန်းသိ။
- ထိတ်ကနဲဆို မယားဘဝင်နိုပ်ရ။
- ထန်းပလပ်ကို နတ်ရုပ်ထင်။
- ထန်းပင်ကို ထန်းရွက်မိုး မလုံ။
- ထန်းရည်မူးတော့ ကျွဲခိုးပေါ်။
- ထန်းရည်သမား အမူးပြေတော့ ထန်းပင်မော့ကြည့်။
- ထန်းလျက်ဝယ်ရာ ထန်းသီးက တန့်လန့်။
- ထန်းလို လှီးမှ အရည်ထွက်။
- ထိပ်ကိုပုတ်ပြီးမှ ကန်တော့။
- ထိပ်ကိုမြွေကိုက်။
- ထိပ်ကို သံမှိုနှက်သကဲ့သို့။
- ထုံးလိုချေ ရေလိုနှောက်။
- ထွေးပြီးသားတံတွေး ပြန်မျိုရိုးထုံးစံမရှိ။
- ထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်လို့မရှိ။
- ထွန်ရေးလည်းရ ကြက်နှစ်ဖလည်းပန်း။

## (ဒ)

- ဒီပုတ်ထဲက ဒီပဲသာ။
- ဒေါသရှေ့ထား မှားတတ်သည်။
- ဒါနနှင့်သီလမပါ သေခါမှသိ၊ ရေဘူးနှင့် ဖိနပ် မပါ၊ နွေအခါမှသိ။
- ဒါန၌ပျော်ပြီး ကိုယ့်ပစ္စည်းတော့ နှမြောသည်။
- ဒီပုတ်ထဲကပဲ ဒီပဲပဲ။
- ဒီဘဝဒီကိုယ်စံ ဟိုဘဝဟိုကိုယ်စံ။
- ဒီဘဝ ဒီမျှသာ။
- ဒူးနေရာဒူး တော်နေရာတော်။
- ဒူးနေရာ တော်နေရာ နေရာမှား ပေါင်သားငါးကျပ်သား။
- ဒူးလောက်ထွင်မှ ရင်လောက်ကျ။
- ဒေါသကြီးသူ ခွေးနှင့်တူ။
- ဒေါသရှေ့ထား မှားတတ်သည်။
- ဒေါသအမျက် ကိုယ်ကျိုးပျက်။
- ဒုက္ခကိုအရင်းစည်မှ သုခကိုခံစားရ။
- ဒုက္ခိဘကို ပျားတုပ်။
- ဒေါင်းကိုတုလို့ စာသူငယ်အလျှမ်းကျယ်ချင်။
- ဒေါင်းငယ်လိုကျင့် ခွေးငယ်လိုမကျင့်နှင့်။
- ဒေါင်းမျိုးလိုအမွေး အတောင်စုံမှ။
- ဒေါင်းမှာအက ဆောင်းမှာည။
- ဒန့်ကွဲပင် ပုခက်ဆင်။

(မ)

- မားသွားထက် ကလောင်သွားထက်။
- မားကိုဖျက်ဝါးမျက် လူကိုဖျက်အရက် ရှင်ကိုဖျက်ဇဂ်။
- မားခုတ်ရာ လက်လျှို။
- မားဖိုးထက် လက်ခကြီး။
- မားမထက် မားသွေးကျောက် အပြစ်တင်။
- မားမနောက်ပိတ်ခွေး။
- မားရိုး သူခိုးကမ်းသလို။
- မာတ်တူနာမ်တူ ဆေးဖက်ယူ နာမ်တူသတ်က အသေရ။
- မာတ်တော်မှတ်လို့ ကိုးကွယ်ပါ ကလပ်ပေါ် ရောက်မှ ကလိန်ဈေး မှန်းသိ။
- မာတ်တော်မှန် ရေပေါ် စကြံန်သွားဆိုသလို။
- မမွေသတ်ကို ရာဇသတ်ဖျက်။

(န)

- နှီးကောင်း ဖျာမတန်
- နှလုံးကောင်း ဝမ်းကြီး။
- နဂိုတုန် မီးလှုံ၍ မပျောက်။
- နဂိုယဉ်ကို ပြင်ဆင်ဖို့မလို။

- နဂိုရှိမှ နဂိုင်းထွက်။
- နဂါးတို့မျက်စောင်း အကြောင်းမရှေး။
- နဂါးတို့မျက်စောင်း အကြောင်းသုံးပါး။
- နဂါးဘုံ ဂဠုန်မသွားနိုင်။
- နဖူးစာ ရွာလည်။
- နယုန်မိုးသေး မြက်သားမွေး။
- နဝေတိမ်တောင် ယောင်ယောင်ဝါးဝါး။
- နာဖျားလို့မသေ ဝါကြွားလို့သေ။
- နာမည်ကြီးလျှင် ဆိုင်းဘုတ်ပိုသည်။
- နားနှင့်မနာ ဖဝါးနှင့်နာ။
- နားပင်းတာနှင့် ပျင်းတာအတော်ပဲ။
- နားပင်းသူကို ယလွေ့မှတ်ပြ။
- နားမထွင်းသည့်ဗူး ရေမနစ်။
- နားရွက်လို ကြည့်လေဝေးလေ။
- နိမ့်သောင် နောင်မှသိ။
- နီးတကျက်ကျက် ဝေးတသက်သက်။
- နီးလျက်နှင့်ဝေး ကြီးလျက်နှင့်သေး။
- နီးသော်ရန်သူ ဝေးသော်ကြည်ဖြူ။
- နုနုနယ်နယ် ချစ်စဖွယ်။
- နူနာတောမှာ လူချောလုပ်။
- နူနူရွဲ့ရွဲ့ ထောင်ကဲဆိုပြီးရော။

- နူမည့်အစ ယားသည်၊ သေမည့်အစ ဖျားသည်။
- နူရာဝဲစွဲ လဲရာသူခိုးထောင်း။
- နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်။
- နေ့ပူလို့ ညချမ်း တပေါင်းလ လသရမ်း။
- နေ့မြင် ညပျောက်။
- နေ့မှာဓားပြ ညမှာသူခိုး။
- နေ့ဝါဆို ညပြာသို။
- နေချင်သော်လည်းမနေရ သေချင်သော်လည်းမသေရ။
- နေတော့ပျဉ်ထောင် စားတော့ချဉ်ပေါင်။
- နေနှင့်လ ရွှေနှင့်မြ။
- နေမကောင်းရင်း ပိန်မထောင်းရင်း။
- နေမြင့်လေ အရှူရင့်လေ။
- နေရောင်ပျောက် လရောင်ရောက်။
- နေရိပ်ကိုလို နေပူကစောင့်။
- နေလျှင်ကွေး သွားလျှင်ပြေး ခွေး၏ပုံလို။
- နေဝင်မှ စပါးလှမ်း။
- နေဝင်ဆည်းဆာ မအိပ်ရာ။
- နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ။
- နေအရှက်တင့် ပွင့်သည့်ရွှေကြာ ပဒုမ္မာ။
- နဲ့သော်မယိုင် ယိုင်သော်လည်းမလဲ။
- နက်ယောင်နှင့်တိမ် တိမ်ယောင်နှင့်နက်။

- နောက်ကျလျှင် ခွေးချေးနှင့် သလဲ။
- နောက်ဆုံးလူက ဗွေဆော်တိုးချင်။
- နောက်မှကင် အရှင်ကျက်။
- နောက်မှမွေးသူက မိဦးမှည့်ချင်။
- နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ။
- နောင်ခါလာ နောင်ခါစျေး။
- နောင်တဆိုတာ နောင်မှရစမြဲ။
- နိုင်တိုင်းလည်းမညှင်းနှင့် ပိုင်တိုင်းလည်း မတင်းနှင့်။
- နိုင်သူကို နိုင်သူပေါ်မြဲ။
- နှိုင်းနှိုင်းချိန်ချိန် သုခမိန်။
- နည်းနည်းနှင့် ကြဲကြဲဝိုင်း။
- နည်းနည်းပြော များများနားထောင်။
- နည်းလျှင်အမှု များလျှင်အဝ။
- နတ်ကရာ ကြည့်မော။
- နတ်ကိုလည်းမကိုးနှင့် စုန်းကိုလည်းမယိုးနှင့်။
- နတ်တို့ဖန် ရေကန်အသင့် ကြာကတင့်။
- ကံစီမံ ဗိမာန်အသင့် ဘုံအသင့်။
- နတ်တော်ပြာသို ချေးမတ်တတ်ယို။
- နတ်ရေးတဲ့ဖူးစာ လူပြင်လို့မရ။
- နတ်ရှူး ဘုံနှင့်မြှောက်။
- နတ်လိုမှ ကြိုဟ်မ။

- နတ်ဝင်ချင်း နဝင်းမလှည့်ပါနှင့်။
- နတ်သုဒ္ဓါထဲ မစင်တစ်ပဲကျသလို။
- နှုတ်ကောင်း ပြည်စိုး။
- နှုတ်ကြောင့်သေ လက်ကြောင့်ကြေ။
- နှုတ်ခမ်းပဲ့ချင်း မီးမှုတ်။
- နှုတ်ချိုလျှင် သို့ဂျီတစ်ပါး။
- နှုတ်ဆက်ပြောဆို မျက်နှာချို အပျိုချစ်နိုးနိုး။
- နှုတ်တစ်ရာ စာတစ်လုံး။
- နံ့လိုက်တဲ့ကြောင်ချေး ဘယ်ခွေးယိုပါလိမ့်။
- နွားကလေးနို့ နွားကြီးစို့။
- နွားကောင်းမကောင်း ချောင်းထက်ကျမှသိ။
- နွားကွဲ ကျားကိုက်။
- နွားခလောက်မြည်ပေမယ့် နှမ်းမရ။
- နွားငတ်နှင့် ကောက်ရိုးဆွေး။
- နွားနို့ဒိုး ကျက်ခွဲမှန်းသိလျှင် ရွှေစည်းခံကို ရည်ထူးရလေရဲ့။
- နွားနှစ်ကောင်ဖွေ့ရာ မြေဇာမခံသာ။
- နွားပိန်ထူ လူဖွေ့။
- နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်ရှိသေး။
- နွားမဒန်း သားမခင်။
- နွားမုန်း ခြံထုတ်။
- နွားရှု ဖူးထိုးပြော။

- နွားရှေ့ ထွန်ကျူး။
- နွားဝပ် ကျွဲဝပ် ထလွယ်၏၊ လူဝပ်က ထခဲ၏။
- နွားသိုးကို ထမ်းပိုးတင်မိသလို။
- နွားသိုးကြိုးပြတ်။
- နွားအို မြက်နုကြိုက်။
- နွေထနောင်း ဆောင်မကျည်း။
- နှမများလျှင် မောင်ချည်ခင်စွပ်။
- နှမလိုချင် မောင်ပေါင်း။
- နှမလင်နေ မောင်ဖင်ကြိုန်း။
- နှလုံးကောင်းတော့ ဝမ်းဖေါင်း။
- နှလုံးသား အပ်သွားထိ။
- နှာရည်ယို့ရွှဲ တပို့တွဲ။
- နှီးကောင်းလျှင် ဖျာမတန်။
- နွဲ့မိသည့်ငှက် ကြိုးငြိကြက်လို။
- နှဲသမားပါးလို ပူချေပိန်ချေ။
- နှစ်ကိုယ့်တစ်စိတ်။
- နှစ်ယောက်ထဲ အလယ်ကအိပ်ချင်။
- နှစ်သက်ရာဩဇာ ပျော်ရာနိဗ္ဗာန်။
- နှုတ်ကောင်းလျှင် လျှာပါး။
- နှုတ်ကောင်းလျှင် ပြည်စိုး။
- နှမ်းတစ်စေ့နှင့် ဆီမဖြစ်။

- နို့ပြီစုတ်တစ်ကောင်နှင့် ပိုလ်ခြေတစ်ထောင်ကို
  ဝအောင်ကျွေးသလို။
- နို့ပြီစုတ်ကို အမြှောက်နှင့်ချိန်။

## (ပ)

- ပြောသံကြားနှင့် တရားနာ။
- ပေါက်သည့်နဖူး မထူးတော့။
- ပါပမင်းလက်ထက် ရွှေတွင်းငွေတွင်းနက်။
- ပါပလူမျိုး ကိုးကျိပ်ကိုး။
- ပါဠိမဟုတ် လက်တန်းထုတ်။
- ပါးကိုရိုက်၍ နားကိုကိုက်။
- ပါးစပ်က ဘုရား ဘုရား လက်က ကားရား ကားရား။
- ပါးစပ်ဟာ အူမမြင်။
- ပါးစပ်အလို စအိုမလိုက်နိုင်။
- ပါးပိန်ရာ နံ့သာဖို့၍မရ။
- ပိဋကတ်တတ်မှ ရဟန်းမြတ်ပေါ် ထင်။
- ပိတုန်ရောင်ပမာ ဆံကေသာ။
- ပိသာလေးနှင့် နံဘေးပစ်သလို။
- ပီလောပင် ပက်ကျိတက်။
- ပုခန်းသားနှင့် ချိပါသား စကားကပ်။

- ပုဂံရာဇဝင်ကို တုတ်ထမ်းပြီး ရှင်းရသလို။
- ပုဆိုးမနိုင် ပဝါမနိုင်။
- ပုစွန်ခြေကျိုး သမင်ကြို့ထိုး။
- ပုစွန်ဆိတ်ငယ်သော်လည်း ပင်လယ်ကူးနိုင်။
- ပုထုဇဉ်ဆိုတာ အရှုးချည်းပဲ။
- ပူသူကို ကူသူမရှိ။
- ပေတစ်ပင် ရှင်တစ်ပါး။
- ပေတစ်ပင်လုံး ဘုန်းကြီးယပ်တောင်။
- ပေတစ်သီး ကျီးတစ်သား။
- ပေဖြစ်လျှင်ခံ တူဖြစ်လျှင်နှံ။
- ပေလေးပင် ရှင်လေးပါး။
- ပေးကားပေး၏ မရ ၊ ကျွေးကားကျွေး၏ မဝ။
- ပေးကမ်းမှ ခြံရံသည်။
- ပေးကမ်းမှ အောင်မြင်။
- ပေးစရာငွေမရှိ ပြေးစရာမြေမရှိ။
- ပေးတတ်မှရသည် ကျွေးတတ်မှဝသည်။
- ပေးလျှင်ကောင်း တောင်းလျှင်မုန်း။
- ပေးသူမေတ္တာ ယူသူသစ္စာ။
- ပဲကြီးရေစိမ် အချိန်တန်ပွ။
- ပဲကြီးဟင်းလည်းသောက်ချင် နှုတ်ခမ်းမွှေးလည်းမရိပ်ချင်။
- ပဲခူးဆားကဲ့သို့ ခပ်တိုင်းငံ။

- ပဲစုလို့မှုးရ ကျပ်ဖြစ်မှချမ်းသာ။
- ပဲလှော်စားလေ ဗိုက်ပွလေ။
- ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတ္တက်လေး။
- ပေါတိုင်းမဝယ်နှင့် ပြောတိုင်းမလွယ်နှင့်။
- ပေါလွန်းတော့မတန် ပြောလွန်းတော့မဟန်။
- ပို့မှဲ့ပို့ ကတို့ရောက်အောင်ပို့။
- ပိုးစုန်းကြူးထွန်း၍ တစ်ကျွန်းလုံးမလင်း။
- ပိုးစုန်းကြူးရောင်နှင့် နေရောင်လို။
- ပိုးဖလံမျိုး မီးကိုတိုး။
- ပက်ကျိလို အရာရာနှင့်အကြောင်းကြောင်း။
- ပေါက်တဲ့နဖူး မထူး။
- ပေါက်ထဲ ကျေးနေ။
- ပိုက်ဆံပေါတော့ လူချောဖြစ်။
- ပိုက်ဆံရှိမှ လူခေါ်ချင်။
- ပုဂ္ဂိုလ်ခင်မှ တရားမင်။
- ပင်မလဲ အကိုင်းထင်းဖြစ်။
- ပင်ရင်းထက် အခက်အလက်မကြီးနိုင်။
- ပင်လယ်ကို ယုန်ငယ်မကူးနိုင်။
- ပေါင်တန်ရှည်တိုင်း ဒေါ်ငွေသားမဟုတ်။
- ပိုင်သာပိုင် မဆိုင်။
- ပစ်ရမည်လည်း အဆီနှင့်ရွဲရွဲ၊ စားရမည်လည်း သဲနှင့်ရှပ်ရှပ်။

- ပဥ္စင်တူရိယာ နှဲခရာ သာယာချင်လျက် လင်းကွင်းဖျက်။
- ပဥ္စင်းဖြစ်မှ ဘုရားထူး။
- ပညာကားရှေ့ ဥစ္စာကားနောက်။
- ပညာကိုလို မြို့ရွာကိုစွန့် ဥစ္စာကိုလို သားမယားကိုစွန့်။
- ပညာကြီးက နှုတ်နည်းတတ်။
- ပညာနည်းက ဝန်ထမ်းရ။
- ပညာမရှိဘဲ ကဝိလုပ်ချင်။
- ပညာမြတ်နိုးမှ အတတ်မျိုးစုံသည်။
- ပညာရှိတွေးကြည့်က ပြေးကြည့်တာထက်မှန်။
- ပညာရှိမှ မြော်မြင်သည်။
- ပညာရှိသော်လည်း သတိဖြစ်ခဲ။
- ပညာရှိအမျက် အပြင်မထွက်။
- ပညာရဲရင့် ပွဲလယ်တင့်။
- ပညာရွှေအိုး လူမခိုး။
- ပညာလွန်သော် စာဂ။
- ပညတ်သွားရာ ဓာတ်သက်ပါ။
- ပါဠိတစ်ချက် အနက်ဆယ်ထွေ။
- ပုဏ္ဏားမြင် ဗေဒင်ကြည့်။
- ပတ်ကြားကမစင် ခွေးနှိုက်၍မရ။
- ပတ္တမြားကောင်းလျှင် အမျက်မလွတ်။
- ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း မညစ်နိုင်။

- ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်။
- ပတ္တမြားပြည်တန်ကို ဆန်တစ်ပြည်နှင့်လဲ။
- ပတ္တမြားရောင်ထက် ပညာရောင်ထင်သည်။
- ပုတ်မှပေါ်သည် ဟုတ်မှကျော်သည်။
- ပန်းချီ ပန်းပု အနုပညာ။
- ပန်းကောင်းအညွန့်ချိုး။
- ပန်းကိုအဖွင့်၊ လူကိုအကျင့်၊ ရှင်ကိုအတင့်၊ ဆိုလျှင်အသင့်၊ ပညာကိုအကျင့်၊ ဝမ်းကိုအချင့်။
- ပန်းညိုမျိုး ချိုးလေစည်လေ။
- ပန်းထိမ်တောက်တောက် မစားလောက်။
- ပန်းထိမ်မတတ် ဂဟေဆက်သက်သေ။
- ပန်းထိမ်မတတ်ခင် ရွှေခိုးအလျင်သင်။
- ပန်းထိမ်ရွှေခိုး ဆွေမျိုးမရှောင်။
- ပန်းပေး၍ ချစ်ရေးဆို။
- ပန်းပဲလူလိမ် ပန်းထိမ်ရွှေခိုး။
- ပန်းပဲ ဓားကောင်းမကိုင်။
- ပန်းပဲသူကြီး မီးပူမကင်းနိုင်။
- ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်။
- ပန်းဟူသမျှ လှုဆိုသလို။
- ပိန်ရသည့်အထဲ နာတာရှည်ကစွဲ။
- ပိန်မသာ လိမ်မသာ။

- ပုန်းရည်ဘဝ ချဉ်ဖတ်သိ။
- ပန်းထက်မြက်ပင် မသာချင်နှင့်။
- ပတ်မဟုတ် ဗုံမဟုတ် ။
- ပျားပန်းခပ်သကဲ့သို့။
- ပျားရတော့ မယားဖို့။
- ပျားရည်နှင့် ဝမ်းချ။
- ပျားလည်းစွဲသာစေ ရှဉ့်လည်းလျှောက်သာစေ။
- ပျားသကာချိုပါပေ့ တရားရှာကိုယ်မှာတွေ့။
- ပျားသကာနှင့် ခါးတမာလို။
- ပျော်စေပျက်စေ ကလက်စေ။
- ပျော်ပျော်နေသေခဲ။
- ပျော်ရာနိဗ္ဗာန်။
- ပျော်ရာမှာမနေရ တော်ရာမှာသာနေရ။
- ပျော်လွန်းတော့ပျက်သည်။
- ပို့မှာ ပါရမီ ပြည့်မှာဗာရာဏသီ။
- ပိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။
- ပိုပိုအိုအို အလိုမရှိ။
- ပိုရာကအို အိုရာကနာ။
- ပိုးခင်းနွားစား၊ ရည်စားလူလု၊ ဆံစုကြွက်ချီ။
- ပိုးသေမှ မိုးစွေသည်။
- ပျက်လျှင်အစဉ် ပြင်လျှင်ခဏ။

- ပျောက်တာထက် ပျက်တာကကောင်း။
- ပျောက်သောသူရှာလျှင်တွေ့ သေသောသူကြာလျှင်မေ့။
- ပျင်းလျှင် ဖျင်းတတ်သည်။
- ပျံလေတဲ့ငှက်ခါး နားခါမှသိ။
- ပြဒါးတစ်လမ်း သံတစ်လမ်း။
- ပြဒါးသေလျှင်တစ်ဆွေဝ သံသေလျှင်တစ်ပြည်ဝ။
- ပြာသိုတပို့တွဲ ခင်ကြီးလူထွက်ပွဲ။
- ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း။
- ပြုသမျှ နုရမည့်သူပါ။
- ပြုသူမှာအသစ်၊ ခံရသူမှာ အဟောင်း။
- ပျော့ပျော့နှင့်နံသည့် ကြောင်ချေး။
- ပြောလျှင်ဖယောင်း မှာလျှင်သံချောင်း။
- ပြောတာနှင့် ဟောတာမညီ။
- ပြောတိုင်းယုံ ယုံတိုင်းပြော။
- ပြောပါများ စကားရ။
- ပြောဖန်များ မယားစကားအောင်။
- ပြောဖန်များလျှင် စကားထဲက ဇာတိပြ။
- ပြောမယုံ ကြုံဘူးမှသိ။
- ပြောလေကဲလေ မန်းလေမြဲလေ။
- ပြောသူကမလုပ် လုပ်သူကမပြော။
- ပြောသံကြားနှင့် တရားနာ။

- ပြင်တော့ယဉ် ဆင်တော့လှ။
- ပြင်ဖန်များသော် ဘုရားရွှေရှု မျောက်နှင့်တူ။
- ပြင်လွန်းတော့ ဖင်ချွန်း။
- ပြည်စိုးစာနှင့် မင်းစာထက်ဝက်။
- ပြည်ညှင်း မင်းမခံနိုင်။
- ပြည်တော်ဝင်ခါနီးမှ ကျီးကန်းချေးယို။
- ပြည်တွင်းရေထက် ဝမ်းရေခက်၊ ဝမ်းရေထက် လွမ်းရေခက်။
- ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက် ၊
တို့နှစ်ကိုယ် လိုချင် ပါလျက် ကြားကဖျက်။
- ပြည်မသိ ဇာရာဏာသီ။
- ပြည်ရွာပျက်မှ ကြောင်းဆယ်ခု။
- ပြည်ရွာအရေး ပေါက်နှင့်ကျေး။
- ပွေးထူရာမှာ နူနာစွဲ။
- ပွေးပေါင်က မိုးတောင်က။
- ပွေးလည်းရစေ တွင်းလည်းကျစေ။
- ပွဲကြည့်ရင်း နှပ်ပစ်ခံရ။
- ပွဲပြီး မီးသေ။
- ပွဲမဝင်မီ ပြင်ကကျင်းပ။
- ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့။

## (ဖ)

- ဖောင်စီးရင်း ရေငတ်သည်။
- ဖွတ်တိုင်းလည်းမဖြူ ၊ ခပ်တိုင်းလည်း မပြည့်။
- ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်။
- ဖားတုလို့ခရုပွက် အိုင်ပျက်။
- ဖားသူငယ်ဉာဏ်ကဲ၍ ရင်ကွဲသည့်ကေသရာ။
- ဖိနပ်နှင့် ရေဘူးမပါ နွှေအခါမှသိ။
- ဖဲရိုက်ကြက်တိုက် လူမိုက်လမ်းစဉ်။
- ဖိုးသူတော် မျက်စိလည် ဆွမ်းဆန်ရ။
- ဖိုးသူတော်လဲတော့ တောင်ဝှေးမထူနိုင်။
- ဖိုးသူတော်စာ ဖိုးသူတော်သာ ဖတ်တတ်။
- ဖက်ပေါ် ဆူးကျဖက်ပေါက် ဆူးပေါ် ဖက်ကျဖက်ပေါက်။
- ဖက်ခွက်စားက လူပါးဝချင်။
- ဖင်ကိုဖိုးကာမှ အကုန်လုံးပေါ်။
- ဖင်မနိုင်ဘဲနှင့် ပဲကြီးဟင်းသောက်။
- ဖေါင်စီးရင်း ရေငတ်။
- ဖေါင်စီး မီးနေ။
- ဖုတ်လေတဲ့ ငါးပိ ရှိလေတယ်လို့ မအောင့်မေ့။
- ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း။
- ဖြစ်ခြင်းအစ ပျက်ခြင်းအဆုံး။

- ဖြစ်ပုံချင်းအဆင်ကွဲပေမဲ့ ဆင်းရဲခြင်းမတူ။
- ဖြစ်ပြန်ပျက်ပြန် လောကဓံ။
- ဖြစ်မဲ့ခွေး အမွှေးတစ်ခြား။
- ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ။
- ဖွဲကိုထောင်း၍ ဆန်ကောင်းမရ။
- ဖွဲလှည်းနောက် ဆန်လှည်းပါ။
- ဖွတ်ခါမှ ပိုညစ်။
- ဖွတ်ကျောပြာစု ခရုဆန်ကျွတ်။
- ဖွတ်မရ ဓားမဆုံး။
- ဖွတ်မိကျောင်းဖြစ်က မြစ်မချမ်းသာ။

(ဗ)

- ဗုံမဟုတ် ပတ်မဟုတ်။
- ဗိုလ်နေမြဲ ကြားနေမြဲ။
- ဗာရာဏသီ ဆန်တစ်ပြည်။
- ဗူးကွဲမှ ခါးဆောင်းကျိုက်။
- ဗူးတစ်ရာအပေါက်ကို ပိတ်နိုင်၏၊
လူတစ်ယောက်၏ ပါးစပ် မပိတ်နိုင်။
- ဗူးတောင်းနစ်လို့ ဆောင်းခြမ်းပေါ်။
- ဗူးပေါ် သလိုပေါ်။

- ဖူးလုံးနားမထွင်း။
- ဗေဒါလို လေလာ လျှင်ရွေ့။
- ဗေဒင်ဆရာ နွားပျောက်။
- ဗောဓိကုက္ကို ညောင်ထိုထို လူပျိုဘုရားမရှိဗြား။
- ဗောဓိပင်ပျိုးလို့ ပေါင်ကျိုးဆိုသလို။
- ဗိုက်ကြီးရာ ဖျဉ်းနားယောင်ဆောင်လို့။
- ဗိုင်းကောင်း ကျောက်ဖို။
- ဗိုင်းဝါယက်ကန်း တတ်ကျွမ်းလိမ်မာ အိမ်သူတာ။
- ဗန္ဓုရသရက် ပိုးချက်မကာင်း။
- ဗိုလ်လဲမြဲ ကျားလဲမြဲ အတူတွဲ။
- ဗိုလ်နှစ်ဆယ် တပ်သားငါးယောက်။
- ပုံထက်မက "လင်းကွင်းကသာချင်သေး။
- ပုံလဲ မဟုတ် ပတ်လဲ မဟုတ်။
- ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်။
- ဗျိုင်းထက်ပုစွန် ပညာလွန်။
- ဗျိုင်းမှန်လျှင် ခြေစိမ်းမြဲ။
- ဗြောသံကြားနှင့် တရားနာတယ်။
- ဗွေတစ်ရာ ကြာတစ်လုံး။

# (ဘ)

- ဘူးကောင်းမှစင်ခံ လင်ကောင်းမှစံရ။
- ဘူးလေးရာ ဖရုံဆင့်။
- ဘုန်းကြီးအမူ ရှာပတ်။
- ဘုရားတောင် အမှိုက်ရှိမှ ပွင့်သည်။
- ဘတော်ပျံလည်းမမီ ထီးတင်ပွဲလည်းမမီ။
- ဘမျိုး ဘိုးတူ။
- ဘမျိုး ဘိုးတူ ချိုနဲ့။
- ဘီလူးစည်း လူ့စည်း။
- ဘုရားစာချ မိကျောင်းမင်း ရေခင်းပြ။
- ဘုရားတစ်ဆူ ဂူတစ်လုံး။
- ဘုရားပြီး ငြမ်းဖျက်။
- ဘုရားဖက်လျှင် အသက်ရှင်။
- ဘုရားဖက်လျှင် အသက်ရှည်။
- ဘုရားဖြစ်မှကြံ မာရ်နတ်ကဖျက်။
- ဘုရားမှတ်လို့ ကိုးကွယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိ။
- ဘုရားရှင်ပင်သော်လည်း အမှိုသဟဲရှိမှ ပွင့်ထွန်းရ။
- ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း။
- ဘုရင်တို့ဘုန်း မိုးလိုချုန်း။
- ဘုရင်စားတော်ပွဲ ဆင်းရဲသားနှင့်မတန်။

- ဘုမသိ ဘမသိ။
- ဘူးပေါ် သလိုပေါ်။
- ဘေးထိုင် ဘိုင်ကျ ဘုပြော။
- ဘယ်သူမပြု မိမိမှု။
- ဘယ်သူသေသေ ငတေမာလျှင်ပြီးရော။
- ဘဲဥ တစ်လုံးနှင့် သံယောဇဉ်ရော ဆွမ်းလောင်းသလို။
- ဘဲဥပွတ်ခံထားသလို။
- ဘဲဥအစရှာမတွေ့။
- ဘိုးသာပါဆို ယောက်ျားလား မိန်းမလားမေးတဲ့လူလို။
- ဘုတ်ကိုလည်း ကျီးရိုသေ၊ ကျီးကိုလည်း ဘုတ်ရိုသေ။
- ဘုန်းကြီးခေါင်း သန်းရှာ။
- ဘုန်းကြီး စာချ။
- ဘုန်းကြီးတင္ဆြ သံဃဒွေရှုတ်၍ မကြောက်။
- ဘုန်းကြီး နှစ်ခါရှက်။
- ဘုန်းကြီးနှင့်ဘီး အကွာကြီး။
- ဘုန်းကြီးရှူးနှင့် လှေလူးနှင့်။
- ဘုန်းကြီးလူထွက်မှ မသိဘူးထင်သလား။
- ဘုန်းကြီးလောဘ အနန္တ။
- ဘုန်းကြီးလောဘ အနန္တ ! မယ်သီလရှင်လောဘက ငါဘုရား မပဟောနိုင်။
- ဘုန်းကြီးသေ ရှာကြေ။

- ဘုန်းကြီးဟာတော့ ပေးလား ကမ်းလား၊ တကာမဟာတော့ မူးတင်း ပဲတင်း။
- ဘုန်းကြီးအမူ ရှာပတ်။
- ဘုန်းကြီး၍ သက်မရှည်၊ သက်ရှည်၍ ဘုန်းမကြီး။
- ဘုန်းနှင့်ပညာ ထပ်ကြပ်ပါ။
- ဘုန်းရှိရောက်က ဘုန်းမဲ့ပျောက်။
- ဘုံခန်းနှင့်မြှောက် ငရဲခန်းနှင့်ခြောက်။
- ဘုံသုံးဘုံအလယ် ကြွယ်ကငုတ်တုတ်။

(မ)

- မစားရကံလောက်တက်။
- မကခင်က ခါးချိုး။
- မကတတ်တော့ ဖျာအပြစ်တင်။
- မကိုခင်မှ ဥကိုခင်သည်။
- မကောင်း ကျောင်းပို့။
- မကောင်းမှု အတုလွယ်၏။
- မကောင်းလျှင် ကိုယ့်သွေးသော်မှ ထုတ်ပစ်ရသေးသည်။
- မကောင်းသူကိုပယ် ကောင်းသူကိုယ်ကယ်။
- မကြားဝံ့ရှေ့နေ၊ မမြင်ဝံ့ဆေးသမား။
- မကြည့်ချင် မြင်ချင်လျက်သား။

- မကြည့်ချင် မြင်နေလျက်သား။
- မကြည်တဲ့နှလုံး ပြုံး၍မရွှင်။
- မကြံဘဲနှင့် စော်ကဲမင်းဖြစ်။
- မခေါ် ချင်သာနေရမည် မတော်ချင်မနေရ။
- မခေါ် ဘဲနှင့်ထူး မညော်ဘဲနှင့်မူး။
- မချိုလို့သွားဖြဲ ရယ်မှတ်သလား။
- မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ။
- မချမ်းသာလျှင် မကြွားနှင့်၊ မကျွန်းမာလျှင် မစားနှင့်။
- မစားရတာပူပူ စားရတာဆူဆူ။
- မစားရတာအီအီ စားရတာကျီကျီ။
- မစားရတဲ့အမဲ သဲနှင့်ပက်သည်။
- မစားရ ဝခမန်း။
- မစားရ ဝမခန်း။
- မစားရ ညော်ခံ။
- မစင်ခြောက် ရေနှင့်နှူး။
- မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ။
- မတစ်ထောင် တစ်ကောင်ဘွား။
- မတူလျှင် မတုနှင့်။
- မတဲ့လျှင် အတူနေ။
- မတော်ဘဲ မဝယ်နှင့်၊ မခေါ်ဘဲ မလည်နှင့်၊ မတော်ဘဲဝယ်က ရှုံးတတ်သည်၊ မခေါ်ဘဲလယ်က မုန်းတတ်သည်။

- မထိုင်ခင်က ခြေဆင်းသည်။
- မထိုင်တက်ရင် ဖြဲသလိုပင်။
- မပူလိုလို့ယောက်မရှာသည် ပူလိုက စုံနှိုက်မည်။
- မမေးဘဲ မပြောနှင့် မကျွေးဘဲ မစားနှင့်။
- မပေးလိုလို့မရှိ မဖြေလိုလို့မသိ။
- မပို့ဘဲနှင့် မဲဇာရောက်။
- မပိုင် ဝက်မွေး။
- မပုပ်ဘဲမပေါ် မဟုတ်ဘဲမကျော်။
- မပြီးခင် လူမမြင်စေနှင့်။
- မပြေးသော်လည်း ကန်ရာရှိ။
- မပြောမပြီး မတီးမမြည်။
- မပြည့်တဲ့အိုး ဘောင်ဘင်ခတ်။
- မဘက်လိုက် မိုက်ဘက်ပါ။
- မမြင်ဘူး မူတူးအရာကြီးထင်။
- မမြင်ဘူး မူးမြစ်ထင်။
- မမှားသော ရှေ့နေ မသေသော ဆေးသမား။
- မမီတဲ့ပန်း တုံးခုလှမ်းသလို။
- မယားထိ ဓားကြည့်။
- မယားနေစ ကြောင်သေမှ။
- မယားနှင့်နွား မသနားနှင့်။
- မယားမရှိလျှင် ညည့်မလှ။

- မယားမရှိဘဲနှင့် တင်းတိမ်တကာကာ။
- မယားများလျှင် မုသားကြွယ်။
- မရ ရသကာချိုင်။
- မရသာ ဘနဖူးသိုက်တူး။
- မရဲတရဲနှင့် ပွဲထဲကို ဝင်ချင်။
- မရဲဘဲနှင့် ကျွဲပြိုင်စီး။
- မရဲသော်လည်း ပြေးခဲ့စေ။
- မရိုက်မီက ငိုနှင့်သည်။
- မရောင်ရာ ဆီလူး။
- မရှိ ခိုးနိုးနိုး။
- မရှိတာထက် မသိတာခက်။
- မရှိတောင့်တ ရှိကြောင့်ကြ။
- မရှုယ်ဘဲနှင့် စော်ကဲမင်းဖြစ်။
- မလိုမကောင်း လိုလျှင်ကောင်း။
- မလိုမလှ လိုလျှင်လှ။
- မလိုမှ ကူးတို့ခတောင်း။
- မလိုလျှင်အပြစ်ပုံ လိုလျှင်အချစ်ပုံ။
- မလိမ်မာ တစ်ခါ မိုက်စမြဲ။
- မလုံတဲ့အိုး တုတ်မိုးလျှင်အာ။
- မလျှော့မတင်း စောင်းကြိုးညင်း။
- မလှစုန်းမျိုး မရှိခိုးနိုး။

- မလျှုလို့မရှိ မရှိလို့မလျှု။
- မသာတစ်ခေါက် ကျောင်းဆယ်ခေါက်။
- မသာတစ်လက်မနှင့် ရွှေဘုံရွှေနန်းဖွဲ့။
- မသာလက်ဖက်နှင့် လက်ဆောင်ဆက်သလို။
- မသိခေါက်ရက် အဝင်နက်။
- မသိတာထက် မလုပ်တာခက်။
- မသိတိတ်တိတ်နေ မသေတုတ်နှင့်ထိုး။
- မသိလျှင်မေး မစင်လျှင်ဆေး။
- မသိသူကျော်သွား သိသူဖော်စား။
- မသေလျှင်ရွှေထီး သေလျှင်မြေကြီး။
- မသေသည့်နွား လင်းတမကျ။
- မသွားလျှင်စရီဝေး သွားချင်အနီးလေး။
- မအားရာမှာ ယားနာပေါက်။
- မအိပ်မနေ အသက်ရှည်။
- မာစေချင်သောအိုး နာနာပုတ်ရ။
- မာယာတစ်သိန်း အပလိန်းအနန္တ။
- မိကျောင်းကိုက်တဲ့ဆိပ်၊ ရေးချိုးမိလျက်သား။
- မိကျောင်းမင်း ရေခင်းပြ။
- မိကျောင်းမှန် ဆန်လိမ့်မည် ထင်းတုံးမှန် စုန်လိမ့်မည်။
- မိဖုရားခေါင်းခဲ အသည်းအသန်။
- မိဘကိုနိုင်လိုနားသွင်း၊ ဆရာကို နိုင်လိုဝပ်စင်း။

- မိဘစကားနားထောင်ခြား သံပြားကျောက်စောင်း ကြိုသော် ပျောင်း၏။
- မိအေး နှစ်ခါနာ။
- မီးခိုးမဆုံး မိုးမဆုံး။
- မီးစတစ်ဖက် ရေမှုတ်တစ်ဖက်။
- မီးမလောင်ခင်က ကြိုတင်၍တား။
- မီးရှိမရှိ အခိုးကြောင့်သိ။
- မီးလောင်ရာ လေပင့်။
- မီးလောင်လျှင် လေလာစမြဲ။
- မီးဝေး ချိပ်မာ။
- မုဆိုး စိုင်သင်။
- မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ။
- မုသားမပါ လင်္ကာမချော။
- မူးပြည့်ပုလဲ သူဆင်းရဲနှင့်မညား။
- မူးရှူး ပဲရှူး ငဖြူးကျွန်ဖြစ်။
- မေးပါများစကားရ သွားပါများခရီးရောက်။
- မယ်တစ်ရွာ မောင်တစ်မြို့။
- မဲနှင့်နီးပါးအတူထား နီးပါးမဲစော်နံ။
- မိုးကိုလင့်၍ ပျိုးရင့်ရသည်။
- မိုးကုန်မှ ထွန်ချ။
- မိုးကြီးပစ်ရာ ထန်းလက်နှင့်ကာ။

- မိုးစနေ လေရာဟု။
- မိုးရွာလေ သားရေတင်းလေ။
- မိုးတောင်က၊ ပွေးပေါင်က။
- မိုးနှင့်နွားသိုး အစိုးမရ။
- မိုးနှင့်သရက် အိုးနှင့်ကြွက်။
- မိုးပြို အများနည်းတူ။
- မိုးမပြိုဘူး ပြိုခဲ့သော်။
- မိုးလွန်မှကွန်ချ ၊ လူမိုက်နောက်မှ အကြံရ။
- မက်လုလု မက်လုလုနှင့် မိုးလင်း။
- မင်းကတော် ကျွန်ပုံပေါက်၊ ခွေးလောက်မှမကောင်း။
- မင်းခယောက်ျား ကမ်းနားသစ်ပင်။
- မင်းခ ရှာရ။
- မင်းတို့ထွက် ရက်ရာဇာ။
- မင်းပင်ကောင်းလျက် ပင်းမြောင်ဖျက်၏။
- မင်းဖြစ်မည့်သူ သျှောင်ကလေးနှင့်။
- မင်းဖြစ်မှ ခစား။
- မင်းမသိတော့ပြဟ္မဒတ် ပြည်မသိတော့ဗာရာဏသီ။
- မင်းလိုလိုက် မင်းကြိုက်ဆောင်။
- မင်းလောင်းမှန်လျှင် ရထားဆိုက်သည်။
- မင်းသားကြီး မလုပ်ရတာနှင့် ပတ်မကြီးဖောက်ပစ်။
- မင်းသုံးမင်းဆောင်မို့သာ စားရသည် စေးကပ်ကပ်ပဲ။

- မောင်မောင်ခေါ်လို့ဗျာမထူး အောင်ကျော်ခေါ်မှ ဗျာထူး။
- မည်သူသေသေ ငတေမာရင်ပြီးရော။
- မေတ္တာလွန်ရာဂ ကရုဏာလွန်ဒေါသ။
- မိတ်ဆွေခြင်းမုန်းလိုက ငွေချေး။
- မုတ်ဆိတ် ပျားစွဲ။
- မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုး။
- မိန်းမကိုမကောင်းထင် ဆောင်းဝင်မှသိ။
- မိန်းမကြိုက်ကမျှော်လိုက်ခါ၊ ယောကျ်ားကြိုက်တော့စိုက်စိုက်လာ။
- မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရ။
- မိန်းမပုခက်တွင်း ယောကျ်ားပဥ္စင်း။
- မိန်းမပျင်းခြေဆင်း ၊ ယောကျ်ားပျင်းကျောခင်း။
- မိန်းမဖျက် ပြည်ပျက်။
- မိန်းမမာယာ သဲကိုးဖျာ။
- မိန်းမမီးနေ ယောကျ်ားဖောင်စီး။
- မိန်းမမှာဆံထုံး ယောကျ်ားမှာလက်ရုံး။
- မုန့်ဆီကြော်မစားခင် နှုတ်ခမ်းနားနှင့် တည့်ပါ့မလား။
- မုန့်ပေးသည့်ဘုန်းကြီး ကျမ်းတတ်သည်။
- မုန့်သည်မယား မုန့်နားစား။
- မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး မြတ်နိုးလျှင်သဒ္ဓါ။
- မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယား။
- မျက်စိကန်း တစ္ဆေမကြောက်။

- မျက်စိမြင်ထက် ဗေဒင်မမှန်။
- မျက်စိမှာအကျင့် ဝမ်းမှာအချင့်။
- မျက်နှာကြီးရာ ဟင်းဖတ်ပါ။
- မျက်နှာချို သျှိုတစ်ပါး။
- မျက်နှာလွှဲ ခဲပစ်။
- မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ။
- မျက်ဖြူလန်လျှင် ဆရာပြန်တော့မယ်။
- မျက်မြင်ရှိမှ ကိုယ်တွေ့ရ။
- မျက်မှောက်မှာ ပျားလိုချိုမြိုး မျက်ကွယ်မှာတော့ ဂါနစိုးမြိုး။
- မျက်မှန်စိမ်းတတ်၍ မြက်ခြောက်ကျွေးသလို။
- မျောက်ကိုမြင်လျှင် အုတ်ခဲနှင့်ပစ်ချင်ချင်။
- မျောက်ပြ ဆန်တောင်းသည်။
- မျောက်သားစားလိုလျှင် မျောက်မျက်နှာကို မကြည့်နှင့်။
- မျောက် သစ်ကိုင်းလွတ်။
- မျောက် အုန်းသီးရသလို။
- မျိုးစေ့မမှန် ပင်မသန်။
- မြေကြီးက ရွှေသီး။
- မြေကြီးလက်ဝါးနှင့်ပုတ် လွဲလွဲမည်သာ။
- မြေစမ်းခရမ်းပျိုး။
- မြေနိမ့်ရာ လှန်စိုက်။
- မြေးကားအရင်း သားကားအဖျား။

- မြေးတစ်ရာရ သားတစ်ဖျာပြည့်။
- မြို့အုပ်မင်း စောင်မမှ ထောင်သုံးလကျ။
- မြက်မြက်စားရအောင် ဆိုင်းထဲလိုက်မှ ကျွဲခွက်တက်နင်းမိ၍ လျှော်ရ။
- မြင့်စေချင်လို့ နတ်ပြည်တင် မတက်ချင်လို့ ခုန်ချဆိုသလို။
- မြင်ဖန်များသော်ငယ် ၊ နမ်းဖန်များသော် ပြယ်။
- မြင်မတော် ဆင်တော်နှင့် ခလောက်။
- မြင်းကမလှုပ် ခုံကလှုပ်။
- မြင်းကိုစီးလို့မှ အထီးမှန်းအမမှန်းမသိ။
- မြင်းကောင်း ခွာလိပ်။
- မြင်းကောင်းပြေးရာ ခွေကျိုးကန်လန့်။
- မြင်းဖြူတာ ယုန်ညစ်သလောက်ရှိသေး။
- မြင်းမဲဒန်းမ ဇောင်းကလွတ်သလို။
- မြွေပွေးပိုးထိ။
- မြွေမသေ တုတ်မကျိုး။
- မြွေမြွေခြင်း ခြေမြင်။
- မြွေမှန်လျှင် တွင်းဝင်ဖြောင့်လိမ့်။
- မြွေရဲ မြွေနှင့်သေ။
- မြွေဟောက်လို လျှာနှစ်ခွ။
- မြှောက်ပေးလျှင် အောက်သွေးကာ အထက်ရောက်။
- မွေးကတည်းက အကွဲပါ ဗိန္ဓောဆရာကုလို့မရ။
- မွဲချင်တဲ့ခွေး ပြာပုံကမထ။

- မှန်တာဆို နာလိုခံခက် အမျက်ထွက်။
- မှန်ရာပြော သစ္စာ။
- မှုန်းချက်နှင့် နှမ်းထွက်မကိုက်။
- မှိုကိုးနှစ် မျှစ်ကိုးလ။
- မှိုချိုး မျှစ်ချိုး။
- မှိုရတဲ့ မျက်နှာလို။
- မွေးလျှင်ပန် နံလျှင်ပစ်။

(ယ)

- ယတြာကောင်း မင်းလောင်းပျောက်။
- ယာကဆုန် လဆန်းနယုန်။
- ယာဂုအိုးကွဲခါမှ ရွှေစည်းခုံလှူ။
- ယာရှင်ကို မျောက်မောင်း။
- ယားတာတောင်မဖျောက်အားလို့ ထုံးတို့ထားရတယ်။
- ယူဖန်များလျှင် ဖျားလပို့ဖြစ်။
- ယိုသူမရှက် မြင်သူရှက်။
- ယောကျ်ားကောင်း မောင်းမတစ်ထောင်။
- ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး။
- ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ်
ကြယ်ကို ဆွတ်သော် မလွတ်စတမ်း ရမြဲတမ်း။

- ယောကျ်ားဖောင်စီး မိန်းမမီးနေ။
- ယောက္ခမမျက်ခွက် သမက်မကြည့်ဝံ့သလို။
- ယောက္ခမသေမှန်းသိ မြင်းဝယ်၍ မစီးရလား။
- ယောက်ဖ ယောက်ဖ နှင့် ပိတောက်ပန်းကိုနိုက်။
- ယောင်နောက် ဆံထုံးပါ။
- ယုန်ချိုလိပ်မွေး ၊ ပုစွန်သွေး၊ ခွေးကလေးတောင်စွန်ဖျူ။
- ယုန်တောင်ပြေး ခွေးမြောက်လိုက်။
- ယုန်ထောင် ကြောင်မိ။
- ယုန်မရခင် သံပရာသီး ရှာထားသလို။
- ယမ်းပုံမီးကျ။
- ယုံသော်လည်း ပုံခဲစေ။

(ရ)

- ရေစုန်မရှိ ရေဆန်မရှိ။
- ရေလိုက် ငါးလိုက်။
- ရခိုင်နှင့်မြွေပွေးတွေ့ရင် မြွေပွေးအရင်သတ်။
- ရတနာရှိရာ ရတနာလာ။
- ရတာမလို လိုတာမရ။
- ရထားအလံ မီးလျှံအခိုး မင်းမျိုးတောင်ညာ။
- ရလေလိုလေ အိုတာဗွေ။
- ရသာခြောက်ပါး ဆားမပါဘိ ပျက်သိသိ။

- ရသာလျှင် ဘနဖူး သိုက်တူးမဲ့လူ။
- ရသေ့ စိတ်ဖြေ။
- ရဟန်းသိက္ခာ မင်းမှာဘိသိက်။
- ရာဇဝတ်ဘေး ပြေးမလွတ်။
- ရာဇဝတ်အိုး တုတ်နှင့်ထိုး။
- ရာသီမပိုင် ဆေးမကိုင်နှင့်။
- ရာသီမသိ ပန်းနှင့်ညှိ။
- ရေကြည်ရာ မြက်နုရာ။
- ရေခဲ နှင်းဆောင်းသလို။
- ရေစီးတစ်ခါ ရေသာတစ်လှည့်။
- ရေတိမ်နစ်ရသည်။
- ရေတိမ် ရေနက်ကို ကြာရိုးကြားစွယ်ကို မြင်လျှင်သိနိုင်၏။
- ရေနေဆယ်ကုဋေ ကုန်းနေကိုးကုဋေ။
- ရေနစ်သောသူ ဝါးကူလို့နှစ်။
- ရေနိမ့်ရာစီး မီးမြင့်ရာလောင်။
- ရေဆူမှာကြည့် အရိပ်မမြင်။
- ရေပြင် အရုပ်ရေး။
- ရေပူနှင့်သတ်သတ် ရေအေးနှင့်သတ်သတ် မီးသေတာ ပဓာန။
- ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ၊ ဒါနနှင့်သီလမပါ သေခါမှသိ။
- ရေမပြည့်သောအိုး ၊ ဘောစ်ဘင်ခတ်။
- ရေမရောက် ကြာမပေါက်။

- ရေများရာ မိုးရွာ။
- ရေများရေနိုင် မီးများမီးနိုင်။
- ရေမြင့် ကြာမြင့်။
- ရေမှာရေး၍ အရုပ်မထင်သလို။
- ရေမှာလက်ကြား လူမှာကပြား အိမ်မှာတန်းလျား။
- ရေမှာတားသော် အကြားမထင်။
- ရေမှာအဆုံး ကုန်မှာထက်ဝက်။
- ရေမှာရဲ ရေနှင့်သေ။
- ရေရှိလျှင် ငါးရှိ။
- ရေလာ မြောင်းပေး။
- ရေလိုက် ငါးလိုက်။
- ရယ်တဲ့နောက်နား ငိုဟာကပ်နေ။
- ရဲဘော်မသေ သေသော်ငရဲမလား။
- ရဲရင့်တည်ကြည် အာဇာနည်။
- ရဲလျှင် မင်းဖြစ်။
- ရောဂါနှုရင့် ဆေးဖြင့်ချင့်။
- ရိုးတိုင်းမကောင်း ရောင်းတိုင်းမစွံ။
- ရိုးပုံ နှင့် ဆန်း။
- ရိုးပုံရိုးလက် အဆန်းဖက်။
- ရိုးရိုးကျင့် မြင့်မြင့်ကြံ။
- ရိုးလွန်းလျှင်အ ဆိုးလွန်းလျှင်ထောင်ကျ။

- ရက်ချည်ထက် ချုပ်ချည်ကများ။
- ရက်စက်မှ ကြွေကွဲ။
- ရက်သဲ့ကြားငါးတင် တင်တဲ့ငါးကြောင်စား။
- ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း။
- ရင်လောက်ချီ ဒူးလောက်ရ။
- ရင်သွေးဟူက ချစ်မဝ။
- ရောင်တော်ပြန်နှင့် ရောလွှတ်သည်။
- ရောင်းသူတစ်ဆယ် ဝယ်သူငါးကျပ်။
- ရိုင်းစိုင်းလို့ယုတ်မှာ ယုတ်မာလို့သော့သွမ်း။
- ရည်းစားကိုလည်းလိမ်နိုင်မှ မယားကိုလည်းကျိန်နိုင်မှ။
- ရည်စားတစ်ထောင် လင်ကောင်တစ်ယောက်။
- ရည်းစားဦးကို မြေးဦးရတောင်မမေ့။
- ရန်ကိုရန်ချင်းမတုံ့လျှင်းနှင့်။
- ရန်စကိုတိုစေ၊ ချစ်စကို ရှည်စေ။
- ရန်မလိုသော်ရန်ပြုသည်၊ ရန်လိုသော်မှရန်ပိုသည်။
- ရန်သူကို အထင်မသေးနှင့်။
- ရုပ်ပုံဆိုး အမျိုးရွေနန်းဆက်။
- ရုံးတစ်လုံး ဓားတစ်စင်း။
- ရွာကိုလွန်၍ ရွက်တိုက်။
- ရွာနားကဘုရား လူမရိုသေ။
- ရွာနားမြက် ရွာနွားမစား။

- ရွှေးလွှန်းလျှင်မရ သေးလွန်းလျှင်မလှ။
- ရှုယ်တူချင်း မငြင်းသာ။
- ရှားစောင်းစေးတစ်ခွက်၊ ပျားတစ်စက်။
- ရှားစောင်းစေးနှင့် မျက်ချေး။
- ရှိလျှင်တန်ဆာ မရှိလျှင်ဝမ်းစာ။
- ရှိသာခိုး အပြိုးနှင့်။
- ရှုတိုင်းယဉ် မြင်တိုင်းလှ။
- ရှေးကပိပါက် ခုနစ်ရက်၊ ယခုဝိပါက်နောက်ပိုးတက်။
- ရှေ့ကိုတိုးထမ်းပိုး၊ နောက်ကိုဆုတ် လှည်းတုတ်။
- ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားစဉ်စိုက် ဖြောင့်ဖြောင့်လိုက်၏။
- ရှေ့တိုးတင်းပုတ် ၊ နောက်ဆုတ်ခလုတ်။
- ရှေ့မသွား နောက်မလိုက်၊ လွယ်အိတ်လို ဘေးတိုက်။
- ရှေ့ထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့်။
- ရှောမွေးတစ်ကောင်နှင့် ဗာရာဏသီချဲ့။
- ရှင်ကိုလျှ လူကိုမျှ ဒါနရွှေဇီး။
- ရှင်နည်းရာ အဂ္ဂလူထွက်။
- ရှင်ဘုရင်တစ်ခါထွက် ပဲကြီးငါးလှော်ကျက်။
- ရှင်ဘုရင့် ပုဆိုး ပိုးချည်ပဲ။
- ရှင်ဘုရင်ဘုန်း မိုးသို့ချုန်း လူပုန်းတောမှာမနေသာ။
- ရှင်မပြုခင်က လူထွက်ဖို့ပြင်။

- ရှင်ရသေ့လည်း ရေချိုးရအောင် ပန်းပင်လည်းရှင်လေအောင်။
- ရှဉ့်တစ်ကောင် မြားတစ်စင်း။
- ရှိန်းဆာယာပိုမောက်လို့ ကိုယ်ပျောက်တဲ့လူ။
- ရှမ်းကြိုက် နွားချော။
- ရှမ်းနှင့်ဆင် လယ်ပြင်ကျမှ သိရလိမ့်။
- ရှမ်းပြည်သီပေါ အပျိုချော။
- ရှမ်းရိုးလို့ လင်ကိုကိုး။
- ရွှေကျောင်းပြောင်ပြောင် ဆွမ်းခေါင်ခေါင်။
- ရွှေကြီးကြာ အသံမှာ သာပါပေ၏။ ဥက္ကချဉ်လှဘိ။
- ရွှေချဉ်ပေါင်လက်ချား ဝက်သားနှင့်မလဲပေါင်။
- ရွှေချည်းထားအကောင်းသား ကြေးနီနှင့်ရောမှ မိုးကြိုးဖြစ်။
- ရွှေနားဋ္ဌောင်းနှင့် ရွှေမျက်ချေးနှင့်။
- ရွှေနန်းမှာထားပေမဲ့ တောသားမို့မပျော်။
- ရွှေမရှိတဲ့ဘုရား လူမရိုသေ။
- ရွှေပင်မှာနားရွှေကျေး ငွေပင်မှာနားငွေကျေး ဒန်ကျွေးပင်နားတော့ ဘောက်ဖတ်။
- ရွှေရိုးလို့ မိုးကြိုးပန်။
- ရွှေလှောင်ချိုင့်ဖြစ်စေ မိုးစွေငှက်မပျော်။
- ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်။
- ရွှေအကြောင်း ဖယောင်းသိ။
- ရွှံ့နဲ့လုပ်တဲ့ကြောင်ရုပ် ကြွက်ခုတ်သေ ပြီးရော။

## (လ)

- လျှော့လျှင်မိစ္ဆာ သာလျှင် တိတ္ထိ။
- လက်ခုပ်မပြည့်မှ လက်ကြားယို။
- လက္ခဏယ်သန်းခေါင် မိုးမှောင်တောအုပ်။
- လသာတုံး ဗိုင်းငင်။
- လသာသာ ဘာကိုလွမ်းရ။
- လာချင်အနီးကလေး မလာချင်ခရီးဝေး။
- လာမည့်ဘေး ပြေးတွေ့။
- လာမည့်ဘေး အဝေးကရှောင်။
- လူကငွေကိုချစ်မှ ငွေကလူကိုချစ်မည်။
- လူကဘုန်းကြီး စိတ်ထဲကမားပြ။
- လူကိုယုံပေမဲ့ စကားကုန်မပြောနှင့်။
- လူချင်းတူသော်လည်း အသက်ရှူချင်းကွဲ။
- လူစိတ် မျောက်စိတ်နှင့်အတူတူ။
- လူတစ်ကိုယ် ထင်တစ်လုံး။
- လူတွင်ပါ၍ နွားကျားကိုက်။
- လူနာ အမဲခြောက် တောင်းသလို။
- လူနေခြံကြား စိတ်နေဝတီဖျား။
- လူပါး ပုလင်းထိ။
- လူပုစိတ်တို ခွေးပုရန်လို။

- လူပျင်းဆေးသောက် နွားပျင်းသေးပေါက်။
- လူပျင်းလုံ့လ တစ်ခဏ။
- လူပြောမသန့် လူသန့်မပြော။
- လူဖြောင့်စိတ်တို လူချိုစိတ်ကောက်။
- လူမစွမ်း နတ်မ။
- လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်။
- လူမတန် ကန်ချ။
- လူမပြောဘူး သွေးပြောသည်။
- လူမလေး ခွေးမခန့်။
- လူမသေ ငွေမရှား။
- လူမိုက် ကံကောင်း။
- လူမိုက်နောက်မှ အကြံရ။
- လူမိုက်နှင့်ငွေ အတူမနေ။
- လူမိုက်မှာ ဆေးမရှိ။
- လူမိုက်သား ရမ်းကား၊ လူလိမ်မာသား ယဉ်ပါး။
- လူမိုက် ဉပဒေမသိ။
- လူမင်းဘုန်းကြီး နတ်မင်းမနေနိုင်။
- လူများယောင်၍ ယောင်ရသည်၊ အမောင် တောင်မှန်း မြောက်မှန်း မသိ။
- လူဆိုးလူကောင်း ပေါင်းမှသိ၊ ဆန်ကျိုးဆန်ကောင်း ထောင်းမှသိ။
- လူများ၍ ပွဲစည်။

- လူမျိုးလျှင် ဒဏ်ရာရ နွားမျိုးလျှင် ထွန်ရ။
- လူမွဲပြောင် လူပြောင်မွဲ။
- လူမှာနံပိန် ကျွဲမှာချိုလိမ်။
- လူမှာအမျိုး ကြက်မှာအရိုး။
- လူမှာအဝတ် တောင်းမှာအကွပ်။
- လူယုံသတ်မှ သေရ။
- လူရဲမရဲ ပွဲဝင်မှသိ။
- လူရိုး သူခိုးထင်။
- လူရိုး သချိုင်းမှာသာရှိ။
- လူလိုမှ နတ်လို နတ်လိုမှ ဂြိုဟ်မ။
- လူယုံ၍ ကုန်အကြွေးမပေးနှင့်။
- လူလှ ပွေးခ။
- လူဝိုးဝါးတော့မွတ် မိုးဝိုးဝါးတော့စွတ်။
- လူသတင်းလူချင်းဆောင်။
- လူသာငယ် နာမည်ကား တုတ်ကြီး။
- လူသစ်အလုပ်သမား အစမှာသာသာထိုးထိုး
  နောက်ကျတော့ ဘိုးသာဝ နွားသိုး။
- လူအဆုံးဇာတ် သံအဆုံးအပ် သားရေအဆုံးဖိနပ်။
- လူ့အလို နတ်မလိုက်နိုင်။
- လူအ အိမ်မက် မက်သလို။

- လူအောက်ကို လျှိုလျှင်ပိ၍မသေနိုင် တုံးအောက်ကိုလျှိုလျှင်သာ ပိ၍ သေတတ်။
- လေ့ကျင့်လျှင် ကျွမ်းကျင်။
- လေစုန်၍ ရွက်တိုက်။
- လေပြင်းတဲ့ ကူးတို့ဆိပ်မှာ မှိုအိတ်လွင့်သလို။
- လေဖမ်း ဒန်းစီးတဲ့လူလို။
- လေလာတုံး စပါးလှေ့။
- လေလာ၍ ကျောက်တိုင်မရွေ့။
- လေသရဲ လေထဲမှာသေရ ရေသရဲ ရေထဲမှာသေရ။
- လေသံကြားနှင့်တရားနာ။
- လေးတတ်မတတ် ငှက်သေတာပမာဏ။
- လယ်ကစဂါးကျိုသွင်းမှ အိမ်ကမယားနားသွင်းမှ။
- လယ်ထွန်သွား နွားမေ့။
- လယ်ပြင်မှာ ဆင်သွားသလို။
- လယ်လွန်းကရှူး ထယ်လွန်းကမုန်း။
- လဲရာမှာ သူခိုးထောင်။
- လောကသစ္စံ နသစ္စံ။
- လောကွတ်ချော်၍ ရွှာဆော်နှုတ်ဆက် ထမင်းချက်တွေ့။
- လောဘကြီးစကားပို ဒေါသကြီးစကားတို။
- လောဘကြီးလျှင်ခွဲ ဒေါသကြီးလျှင်ဆဲ။
- လောဘကြီး၍ ဆီးကင်းလောက်ရ။

- လောဘမျိုသိပ် နိဗ္ဗာန်နှင့်နီး။
- လိုချင်လျှင်တစ်ဘ၀ မလိုချင်လျှင်တစ်ခဏ။
- လိုလျှင်ကြံဆ နည်းလမ်းရ။
- လိုလျှင်ရစေ ကြိုးနှယ်ခွေ။
- လိုသော်မရ မလိုသော်ရ။
- လက်ကြီးလျှင် ဆင်းရဲ။
- လက်ကြောင့်ကြေ နှုတ်ကြောင့်သေ။
- လက္ခဏာကောင်းတိုင်း မင်းလောင်းမဟုတ်။
- လက်ခုပ်တွင်းကရေ သွန်လိုသွန် မှောက်လိုမှောက်။
- လက်ခုပ်တစ်ဖက်တည်း တီး၍မမြည်။
- လက်ဆောင်ထက် လက်နက်မသာနိုင်။
- လက်ဆောင်ပါတဲ့ ဧည့်သည်မျိုး အိမ်ရှင်စိတ်မဆိုး။
- လက်ဆောင်ပါ ပျာပျာသလဲ။
- လက်ဆောင်မပါ လက်ဆယ်ဖြာပဏ္ဏာပြု။
- လက်ဆောင်မြင်း ခံတွင်းနုရင့် မရှုသင့်။
- လက်ညှိုးညွှန်ရာ ရေဖြစ်။
- လက်ညှိုးမကောင်းလက်ညှိုး ၊ လက်မမကောင်း လက်မ။
- လက်တို ငါးရှိုးမျက်။
- လက်နက်ချပြီးမှ အလံမစိုက်ချင်ပါနှင့်။
- လက်နှင့်ရေး ခြေနှင့်ဖျက်။

- လက်ပံပင် ဆက်ရက်ကျသလို။
- လက်ဖက်ကောင်း စားလိုက ပလောင်ကောင်တက်နှေးစေ။
- လက်ဖက်ကုန်မှ နှမ်းဖိုးတောင်း။
- လက်ဖက်နှင့် မဲဇလီ ကတ္တီပါနှင့်လျှော်တေ။
- လက်ဖက်ရည်သောက်ရမှ နှောက်သမျှအေး။
- လက်ဖက်ရည်သောက်လှလို့ ယောက္ခမဆဲဆို။
- လက်ရည် တစ်ပြင်တည်း။
- လက်ဝါးကြီးမှာ အုန်းသီးတင်၍ ပြသလို။
- လက်သင့်ရာ စားတော်ခေါ်။
- လက်သည်းဆိတ် လက်ထိတ်နာ။
- လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ။
- လောက်လမ်းသဖွယ် ဝိညာဉ်တွယ်။
- လင်ကောင်းအိမ့်ရှင် တရွှင်ရွှင်။
- လင်ကြိုက်ကျွင့်ကြ ယုယမှ။
- လင်ကွာတစ်သသ၊ လင်သေတစ်တတ၊ လင်ရတစ်ပြုပြု။
- လင်ကွာမိန်းမ တစ်သသ ၊ လင်သေမိန်းမ တစ်တတ။
- လင်စံရွှေ လင်ခွေးနှင့်ညား။
- လင်ဆိုးမယား တစ်ဖားဖား၊ မယားဆိုးလင် တစ်ငင်ငင်။
- လင်ဆိုးမယား တစ်ဖားဖား၊ သားဆိုးမအေ တစ်တေတေ။
- လင်နေစ ဆင်သေမှ။
- လင်မယားတွေ စီးတဲ့ရေ ဆည်ကဲ့ကန်သင်းဖြစ်ဖို့လို။

- လင်နှင့်မယား လျှာနှင့်သွား။
- လင်မကောင်း မထောင်းတာ ၊ လင်မရှိ မရေရာ။
- လင်မယားကြား ငထွားခါးနှာ။
- လင်မရှိတဲ့ သားမွေး။
- လင်လိုချင်တုန်း နားပဲ့။
- လင်သေပါပြီဆို အပျိုလားလို့မေး။
- လင်းတနောက်ကျ အရိုးချည်းရ။
- လင်းတ မိုင်းခံသလို။
- လင်းတလောက်တော့ ငှက်တိုင်းလှ။
- လင်းတဝဲတိုင်း ကျွဲမသေ။
- လည်လွန်းတဲ့ဘီး ချေးနင်းမိ။
- လိပ်ကြော ကြောင်ကော် ပြောင်ချော်ချော်။
- လိပ်ခေါင်းလို ထွက်ချေဝင်ချေ။
- လိပ်လို ကိုယ့်ဘက်ကိုယက်။
- လုပ်တုံ တုသော် တုံးသည်၊ စားတု တုသော်ပြုံးသည်။
- လမ်းဆုံးလျှင် ရွာတွေ့။
- လမ်းဘေး ရေအိုးစင် ဟိုလူဝင် သည်လူထွက်။
- လမ်းမသိ ခွေးနောက်လိုက်။
- လိမ့်လွန်းတဲ့ကျောက် အပွေးမပေါက်။
- လိမ်စရာမရှိလျှင် ကိုယ့်ပေါင်ကိုယ်ကိုလိမ်။
- လုံ့လလည်းထူ မိုးသည်းကူ၊ နွားချေးလည်းချ ကံလည်းမ။

- လွယ်တယ်ဆို မြင်းမိုရ်တောင်တက်ချင်။
- လွယ်ယောင်နှင့်ခက် တိမ်ယောင်နှင့်နက်။
- လွတ်တဲ့ငါး ကြီးသည်။
- လွန်တာရှိ ဝန္ဒာမိ။
- လွန်လွန်းသနော် မန်းရွှေစက်တော်။
- လွန်သမျှ ဝန်ချ၍တောင်းပန်။
- လွမ်းစတစ်ရာ ပူဇော်ပါအနန္တ။
- လွမ်းရေးထက် ဝမ်းရေးခက်။
- လှချင်ရက် စက်စက်ယို။
- လှစေလို၍ သွားကြောင်တိုက် ရေစီးကမ်းပြိုလိုက်။
- လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး။
- လှတာမက်လို့ ညစာခက်။
- လှူတတ်မှဒါန၊ ယူတတ်မှရ။
- လှေကိုစီး၍မှ ပိန်းကောမှန်း လောင်းမှန်းမသိ။
- လှေကိုလိုလျှင်လှေနှင့်လိုက်၊ ငွေကိုလိုလျှင် ငွေနှင့်လိုက်။
- လှေကွဲစီး၍ ခရီးမတွင်။
- လှေခွက်ချည်းဆန်မည် အလံတော့ဖြင့်မလှဲ။
- လှေငယ်မလှော်လောက် မြောင်းငယ်မကျော်လောက်။
- လှေထိုးလွှတိုက် လူမိုက်အားကိုး။
- လှေနံ ဓားထစ်။
- လှေနံ နှစ်ဘက်နင်းသလို။

- လှေမျော လှေနှင့်လိုက်။
- လှေအဆင်း မြင်းအတက်။
- လှော်ရင်း နစ်ရသလို။
- လှိုင်းကြီးလှေအောက် တောင်ကြီးဖဝါးအောက်။
- လှုပ်လေ မြုပ်လေ။
- လှံထမ်းလာတာ မြင်ရ ကံထမ်းလာတာ မမြင်ရ။
- လှံဖျားပုစဉ်းနား ကျီးကန်းချေးပါ။
- လျှောမွေးတစ်ကောင်နှင့် ဗာရာဏသီချဲ့။
- လျှပ်တစ်ပြက် မျက်စိတစ်မှိတ်။

## (ဝ)

- ဝက်ဖမ်းလိုက်လျှင် ဝက်ပက်ခံရသည်။
- ဝါးဆွေး ချွန်၍မရ။
- ဝတစ်လုံးက နှစ်လုံးဖြစ်။
- ဝမရှိဘဲ ဝိမလုပ်နှင့်။
- ဝါကျွတ်ခါနီး တော်သလင်းကန့်လန့်။
- ဝါဂွမ်းတစ်လှည်းစာ ပြာတစ်ဆုပ်မရ။
- ဝါဂွမ်းလိုနူ ဆီလိုဥစေ။
- ဝါစေ့ဆိတ်စား ကုလားခွေးနင်း။
- ဝါဆို ဝါခေါင် ရေဖောင်ဖောင်။

- ဝါဝါမြင်တိုင်း ဘုန်းကြီးမဟုတ်။
- ဝါဝါမြင်တိုင်း ရွှေမဟုတ်။
- ဝါသနာဘာဂီ ဆက်တိုင်းမှီ။
- ဝါးဆွေးကို ချွန်၍မထက်၊ လူညံ့ကို သင်၍မသွက်။
- ဝါးကော ဆင်နင်းသည့်နှယ်။
- ဝါးနားပင်းကို ရေသွင်း၍မဝင်။
- ဝါးလုံးခေါင်းထဲ လသာ။
- ဝါးလုံးချေးသုတ် ဗရုတ်သုတ်ခ။
- ဝါးလုံးနင်းမိတုံ ဝါးခြမ်းနင်းမိတုံ။
- ဝါးအစည်း ပြယ်သည့်နှယ်။
- ဝိနည်းတတ်လျှင် ကြက်သတ်။
- ဝိရိယလွန် မျောက်ဖြစ်။
- ဝေဘူတောင်ရောက်မှဖြင့် ကျောက်မီးသွေးမခကောက်ပါဘူး။
- ဝက်ဖြစ်မှ ချေးမကြောက်။
- ဝင်လျှင်ဝင်ခြင်း ချောက်နှင့်ထွင်း။
- ဝိုင်းလုပ် ဝိုင်းစား။
- ဝင့်နှင့်ကြမ္မာ မလွတ်သာ။
- ဝင့်အမြဲ ငရဲအပ။
- ဝတ်ကြောင်ပုဆိုး ကောင်းကျိုးမပေး။
- ဝန်နှင့်အား မြားနှင့်လေး။

- ဝမ်းဆာမှ စားရာမှာ မြိန်သည်။
- ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ။
- ဝမ်းနှင့်မလွယ် သားမမယ်။
- ဝမ်းဘဲဟသာ ချောင်းကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့။
- ဝမ်းမှာကမြား လျှာမှာပျား။
- ဝမ်းရေးထက် လွမ်းရေးခက်။
- ဝှေ့ချင်သည့်နွား ဝှေ့ဖက်ရှာ။
- ဝှေ့တတ်သည့်နွားကိုရှောင် ကန်တတ်သည့်နွားကိုငှား။

(သ)

- သောင်ပြင်မှာ လွှတ်သည့် ခွေးလို။
- သစ်မရှား ကျောင်းဆောက်။
- သကာနှင့်ပျား တမာနှင့်အခါး။
- သကာပေါ် အချိုလောင်း။
- သခင်မြင့်တော့ ကျွန်တင့်။
- သခင်လည်းယစ် ကျွန်လည်းယစ်။
- သခင်အာဏာ ကျွန်မှာတည်စေ။
- သခင်အားရ ကျွန်ဒဏ်ဝ။
- သခွတ်ပင်က မီးတကျည်ကျည်လုပ်။
- သူဌေး ကြေးပုံ့သည်။

- သူ့ဒွေး သဘော်မှောက်တာက အရေးမကြီး
  သူတောင်းစား ခွက် ပျောက်တာက အရေးကြီး။
- သတိကိုလက်ျာ ပညာကိုလက်ဝဲ။
- သတိကင်းမဲ့ ပျင်းရိခဲ့မူ ကဲ့ရဲ့စရာ မမှတာ။
- သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်။
- သတိမမူ ဂူမမြင်၊ သတိမူက မြူမြင်ပြီး ဂူမြင်သည်။
- သတိထားကပွားတိုးကြွယ် ငါးပိစားက သွားကျိုးလွယ်။
- သတိမှာ ပိုသည်မရှိ လိုသည်သာရှိ၊
- သပိတ်လက်ပွေ့ ရဟန်းမွေ့။
- သပြေပန်းတစ်ခက်နှစ်ခက် မသွေတန်းတစ်သက်နှစ်သက်။
- သမဏောန သမဏော ဂေါဏောန ဂေါဏော။
- သမားမတဲ့ လူသတ်ထောင်မျှ။
- သမားအိုစေ ရှေ့နေပျိုစေ။
- သမီးကညာ ရွယ်ရောက်လာ အခါမလင့်သာ။
- သမီးတစ်ကောင် နွားတစ်ထောင်။
- သမီးမလိမ္မာ အမေမှာတာဝန်ရှိ၊
- သမီးလိမ္မာ ဟင်းတစ်ခွက်။
- သမင်မွေးရင်း ကျားစားရင်း။
- သမင်အို ကိုယ်တိုင်မထ ဝမ်းမဝ။
- သမန္တာ လာချင်ပါရဲ့လေး၊ မနေ့ကဒူနာတေး
  ကြောက်လှချည်ရဲ့လေး။

- သမုဒ္ဒရာရေ တစ်ယောက်တည်း သောက်လို့မကုန်။
- သမုဒ္ဒရာ လက်ပစ်ကူး။
- သမုဒ္ဒရာ ဝမ်းတစ်ထွာ။
- သာပေါင်း ညာစား။
- သားကိုချစ်က ပစ်ရမည်။
- သားကိုချစ်၍ ရေမှာနစ်သည်။
- သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့။
- သားစဉ်မြေးဆက် မြစ်လက်တက်။
- သားဆိုးအမေ တစ်ပေပေ၊ လင်ဆိုးမယား တစ်ဖားဖား။
- သားတို့ရှုပ်ရှည် သီတာမည်သား ရေကြည်ချမ်းမျှ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း။
- သားရေပေါ်အိပ် သားရေနားစား။
- သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း။
- သားသေ လင်ဆုံး၊ ကုန်ရှုံး ကြွေးတင် လိုအင်မရ မယ်သီလ။
- သားအချစ် မြေးအနှစ်။
- သားဦး မြေးဦး အရှုံးရှူး။
- သိကြားမင်း ကျွဲဖန်ဆင်းလည်း အမြီးတို ချိုစောင်းသည်။
- သိတိုင်းလည်းမဟာနှင့် ရှိတိုင်းလည်းမပြနှင့်။
- သိသာသိစေ မမြင်စေနှင့်။
- သီအောင်ကြံ မှန်အောင်တွေး။
- သီလရန်နံ့ မွှေးပျံ့ကြိုင်လှိုင်။

- သီလရှိမှ အသက်ရှည်။
- သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်။
- သူ့ကိုကျွေးမွေး မျက်ချစ်ဆေး။
- သူ့ငါဖျက် ငါလျှင်ပျက်။
- သူ့ခေတ်နှင့် သူ့ဘုန်း။
- သူ့စိတ်ကိုလို ကိုယ့်စိတ်နှင့်နှိုင်း မရှိုင်း။
- သူ့ဆန်စား ရဲမှု။
- သူ့တစ်ချောင်းထိုး ကိုယ်လေးချောင်းထိုး။
- သူ့မယားမျက်ရည်ယိုမှ ကိုယ့်မယားထမင်းဝ။
- သူ့မယားလိုလျှင် သူ့လင်လုံနှင့်ထိုး။
- သူ့မေတ္တာရှိမှ ကိုမေတ္တာရှိသည်။
- သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိသည်။
- သူ့မြို့ကိုတိုက်မည့်ကြံ ကိုယ့်မြို့ကိုလုံစေဦး။
- သူ့သဘောလိုက်လျောညီထွေ ကျင့်တတ်စေ။
- သူ့သမီးလိုချင် သူ့အမေဖျာလိုလိပ် ထိပ်ပေါ်တင်။
- သူ့သမီးရတော့ သူ့အမေဖျာလိုခင်း ရင်ပတ်ကိုနင်း။
- သူသေငါပို့ ငါသေသူပို့။
- သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်။
- သူ့အရိုးနှင့် သူ့ထိုး။
- သူ့အိုးနှင့် သူ့ဆန်တန်ရုံ။
- သူ့အိမ်ထက်ဝယ် သမက်သဖွယ် တန်ခိုးငယ်။

- သူကောင်းသားယဉ်ပါး သူယုတ်သားရမ်းကား။
- သူကောင်းသား မူထားကောင်းလျက်အပေါင်းဖျက်။
- သူကြီးဘုရား ရွာသားကောင်းမှု။
- သူခိုးကလူဟစ်သလို။
- သူခိုးခိုးသော်အကြွင်းရ၏ မီးလောင်သော် အကြွင်းမရ။
- သူခိုး ဓားရိုးကမ်း။
- သူခိုးပြေးမှ ထိုးကွင်းထ။
- သူခိုးရှိရာ ဝန်ထုပ်ဝန်ပိုးနှင့် ပို့။
- သူခိုးရွေရ တပြုပြ။
- သူခိုးလက်က သူဝှက်လု။
- သူခိုး သေဖော်ညှိ။
- သူစိမ်းကောင်းတယ်ဆို ဆွေမျိုးအိပ်နေသလောက်ရှိ။
- သူစိမ်းချစ်လှဆို ဆွေမျိုးမုန်းသလောက်သာ။
- သူစိမ်းတော် ဆွေမျိုးမသာ။
- သူတစ်ပါးကိုမနာလို ကိုယ်မှာအကျိုးမရှိ။
- သူတစ်ပါးမျက်ချေးမြင် ကိုယ့်မျက်ချေးကိုယ်မမြင်။
- သူတော်ကောင်း နတ်ကောင်းမ။
- သူတော်ကောင်း မကောင်းကြုံမိ ဘေးဒဏ်ထိ။
- သူတော်အချင်းချင်း သတင်းလွှလွှ ပေါင်းဖက်တွေ့။
- သူတောင်းစားချင်း ခွက်စောင်းခုတ်။
- သူတောင်းစားထမင်းဝ အနေခက်။

- သူတောင်းစား ဓားပြမကြောက်။
- သူပြုသလို နေရ။
- သူမသိ ငါပိုး။
- သူများနှာခေါင်းနှင့် အသက်ရှူ။
- သူများပြောတစ်လ မယားပြောတစ်ည။
- သူများဖို့ကားအဝတ်၊ ကိုယ့်ဖို့ကား အစား။
- သူများမလိမ်ရ ကိုယ့်ပေါင်ကိုလိမ်။
- သူများမျက်ရည်ကျမှ ကိုယ့်သားမယားက ထမင်းဝ။
- သူများယောင်လို့ယောင် အမောင်တောင်မှန်းမသိ မြောက် မှန်းမသိ။
- သူများလှည်းကျိုးကို ဝင်ထမ်း။
- သူမှတ်ကိုလည်းမငြင်းနှင့် သူတတ်ကိုလည်းမတင်းနှင့်။
- သေကံမရောက် သက်မပျောက်။
- သေချာမှ ရေရာသည်။
- သေချင်တဲ့ကျား တောပြောင်း။
- သေတစ်ကံ ရှင်တစ်ကံ။
- သေတစ်နေ့ မွေးတစ်နေ့။
- သေတူ ရှင်ဖက်။
- သေပြီးသူကိုမကောင်း မပြောပါနဲ့။
- သေမည့်ဘေး ပြေးလို့မလွတ်နိုင်။
- သေရေးထက် နေရေးခက်။

- သေရေးရှင်ရေး။
- သေလည်းတ ရှင်လည်းတ။
- သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး။
- သေလျှင်အတူ ရှင်မှုမကွာ။
- သေသာသေသည် ငါ့လောက်မနာ။
- သေသူကို ရှင်သူတ။
- သေသူပေးက ရှင်သူရ။
- သေသောသူ ကြာလျှင်မေ့ ပျောက်သောသူရှာလျှင်တွေ့။
- သေအတူ ရှင်အတူ။
- သေးစိုနှင့် မိုးရွာရောချ။
- သေးလွန်းလျှင်မလှ ရှေးလွန်းလျှင်မရ။
- သဲထဲရေသွန်။
- သောကြာရေကြောင်း မသွားကောင်း။
- သောကြာသား စကားကြွယ်။
- သိုကလည်းကျ ချိကလည်းလှ နွားမမဟုတ်။
- သက်ကြီးစကား သက်ငယ်ကြား။
- သောက်သောက်စားစား လူငနွား။
- သိုက်စာဖတ်ရာနားထောင်ပါ ဥစ္စာရနိုးနိုး၊
  ဆေးစာဖတ်ရာ နာထောင်ပါ၊ လူနာပျောက်နိုးနိုး။
- သင်ဆရာ မြင်ဆရာ။
- သင်မှတတ်သည် မြင်မှမှတ်သည်။

- သောင်ပြင်မှာ လှတ်သည့်ခွေးလို။
- သိုင်းနှင့်ဗန်ဒို ဂျူဒိုပညာတတ်အပ်ရာ။
- သစ်ကိုအဖျား ဝါးကိုအရင်း။
- သစ်ကောက် ဝါးကောက်ကို မြင်နိုင်၏။ လူကောက်ကို မမြင်နိုင်။
- သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ။
- သစ်စိမ်း ဝါးစိမ်းကို အိမ်တွင်းသို့ သွင်းရာ၏၊ လူစိမ်းကို မသွင်းရာ။
- သစ်ဆွေးကို အရှုပ်ထုမရ။
- သစ်ပင်ကောင်း ငှက်တစ်သောင်းမှီခိုရာ။
- သစ်နှစ်ဖက်ကြား ဝါးညှပ်။
- သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်။
- သည်ပုဆိုးဝတ်လျှင် သည်ချေးပါ။
- သည်ပုတ်ထဲက သည်ပဲထွက်သည်။
- သည်ဘဝ သည်စံ ထိုဘဝဟိုစံကိုယ်ခံ။
- သည်ယုန်မြင်လို့ သည်ချုံထွင်။
- သည်းညည်းခံ နိဗ္ဗာန်ရောက်။
- သတ္တဝါတစ်ခု ကံတစ်ခု။
- သတ္တဝါအကြိုက် စရိုက်နှင့်ချွတ်ရ။
- သဒ္ဒါလွန်သော် တဏှာကျွန်။
- သဒ္ဒါလွန်း ဆွမ်းတော်တော်ရပ်။
- သဒ္ဒါရှိပေး သေဆေးသော်မှ အာစောက်ချ။
- သန္တစင်ပန်းမို့ နန်းသုံးသည်။

- သန်းခေါင်ထက် ညဥ့်မနက်နိုင်။
- သိန်းတန်သည့်ရွှေခွက် လက်ဖက်နှင့်လဲစား။
- သံကိုကြွက်စား သားကိုစွန်ချီ။
- သံကိုသံဖျက် သံချေးတက်။
- သံဃာအား ဘုရားမဆန်သာ။
- သံတူကြောင်းကွဲ ရှုံ့စမြဲ။
- သံတွေခဲ အမဲမှတ်။
- သံပရာသီး ကြီးလေချဉ်လေ။
- သုံးကျောင်း ပြောင်းသောရှင် သုံးလင် ပြောင်းသောမသား။
- သုံးတုံးကုန်မှ ခွေးချေးမှန်းသိ။
- သုံးယောက်ပေါင်း လောင်းကျော်။
- သုံးလွန်းတင်မှကြိုး ဒေါင်ဒေါင်မြည်မှဒိုး။
- သွားတစ်တိုင် ထိုင်ခဏ။
- သွားတော့မော့မော့ နေတော့ကြော့ကြော့။
- သွားဖန်များခရီးရောက်။
- သွားရင်း ဟန်လွှဲ။
- သွေးမညီသော် ဆီနှင့်ညှိ၊ မြေမညီသော် ရေနှင့်ညှိ။
- သွေးသားချင်းမို့ ယိုင်းပင်းရ။

## (ဟ)

- ဟန်သာရှိ အဆံမရှိ။
- ဟောတော့တရား လုပ်တော့အမှား ။
- ဟာဆို မရ ရှမ်းဘာဝ။
- ဟားတိုင်းရယ်မမှတ်နှင့် ငရုတ်သီးစပ်လို့။
- ဟိုးလေးတစ်ကျော် မမင်းပေါ်။
- ဟင်းကောင်းလျှင် စလောင်းနှင့်ပင် ထည့်ထည့်။
- ဟင်းစားကြက် အတက်ကောင်းပေါက်။
- ဟင်းတစ်ခွက်ကည်း တောင်ဘက်ကချိုချဉ်။
- ဟင်းဖတ်ပါရော မျက်နှာလိုက်။
- ဟောင်လွန်းသည့်ခွေး လူမလေး။
- ဟိုင်းနှင့်ဆင် အသွင်ဖြင့်မခြားနားဘူး။
- ဟုတ်တိုင်းမလို နှုတ်တိုင်းမချို။
- ဟုတ်မှကျော် ပုပ်မှပေါ်။
- ဟုတ်ရာဆို နားလိုခံခက်။
- ဂျိမ်းဂျိမ်းဂျုပ်ဂျုပ်နှင့် မီးရထားခုတ်သလို။
- ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့။
- ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုး၏။

(ငွ)

- ငွေးဒ(လင်းတ)မှိုင် မှိုင်တယ်။
- ငွေးဒ(လင်းတ)လောက်တော့ ငှက်တိုင်း လုပ်ဝံ့တယ်။

(အ)

- အကမတတ်တော့ ဖျာကိုသာပဲအပြစ်တင်။
- အစ်ကိုကြီးအဖရာ အစ်မကြီးအမိရာ။
- အသံသာရှိ အဆံမရှိ။
- အသီးလို အပင်ချိုင်။
- အသားမဲ နီနီဆင်။
- အပ်ဖင် အပ်ချည်မျှင်တန်း။
- အပ်သွားရာချည်ပါ။
- အပ်ဝင် ပုဆိန်ထွက်။
- အိမ်နီးချင်း ယုံကြည်အောင် ရုံးတက်ပြ။
- အိမ်များလာ ယာခင်းဆုတ်။
- အမေမှန်မှ အဖသား။
- အမျိုးကောင်းရင် တစ်ချက်။
- အဖိုးနည်း အိုးကွဲရ။
- အပြစ်ရှာ အနာတွေ့။

- အကောင်းဆုံးအပ်ပင် နှစ်ဖက်မချွန်။
- အကန်း တစ္ဆေမကြောက်။
- အကန်းတွေထဲမှာ တစ်ဖက်ကန်းက လူတော်။
- အကန်းမယား သနပ်ခါးမလို။
- အကျိုးစားသန် ရန်ဖြစ်။
- အကျယ်အကျယ် မငြိမ်းဖွယ်။
- အကျိုးဆော့ အကန်းမော့။
- အကျိုးနှင့်အကြောင်း အဆိုးနှင့်အကောင်း။
- အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းတွေ့။
- အကျည်းတန် မှန်ကြိုက်။
- အကြောင်းတော် ယန်းလျှော်ဖာဖြစ်။
- အကြောင်းမသိတော့ ဟတ္ထိယုန်ငယ်ထင်လို့။
- အကြောင်းသင့်တော့ ထနောင်းပွင့်ရ။
- အကြံကောင်းတစ်ချက် အနေကောင်းတစ်သက်။
- အကြံကုန် ဂဠုန်ဆားချက်။
- အကြံတူ နောက်လူကောင်းမြဲ။
- အကြံတူ ရန်သူဖြစ်။
- အကြံလက်လွတ် ငှက်တောင်ကျွတ်။
- အကြမ်းမှု အနုနှင့်သာ အောင်စေရာ။
- အကွပ်မရှိသော့ကြမ်း ပရမ်းပတာ။
- အခါကိုမလင့်စေနှင့် အစာကို မနင့်စေနှင့်။

- အခါကောင်းပေမဲ့ အလာနှောင်းသည်။
- အခါးနှင့်အချဉ် မယှားနှင့်လင်။
- အခေါ်ရှိမှ အပြောရှိ။
- အခေါ် သာလွဲ ထမနဲနှင့်ယာဂု အတူတူ။
- အခက်တွေလို့ တစ်သက်မမေ့နိုင်။
- အချောကိုလည်း မမက်နှင့် အပြောအဆိုလည်းမကလက်နှင့်။
- အချောမမက်နှင့် အပြောမကလက်နှင့်။
- အချိုကြိုက်သူ အချိုကျွေး လူချစ်သည့်ဆေး။
- အချိုရှာ သကာတွေ့။
- အချိုအခါး လျှာဖျားမှ နားလည်။
- အချက်မသိတော့ သမက်ကိုသူခိုးထင်။
- အချစ်ကြီးတော့ အမျက်ကြီး။
- အချစ်နှင့်ကြက်ဥ အမြဲလတ်ဆတ်မှကောင်း။
- အချစ်ရေးထက် စစ်ရေးခက်။
- အချစ်ရှာကညာတွေ့ အပြစ်ရှာ အနာတွေ့။
- အချစ်ရှာ အသာတွေ့ အပြစ်ရှာအနာတွေ့။
- အချစ်ဝင်လျှင် အပြစ်မမြင်နိုင်။
- အချစ်ဦး မြေးဦးရတောင်မှမမေ့မရ။
- အချိန်ကာလ ဖိုးနှလ္လ။
- အချိန်ကုန်မှ ပြန်ယူ၍မရ။
- အချိန်တန်လျှင် ကံလည်းလန်း စန်းလည်းပွင့်။

အချိန်တန်ရင် နွားပိန်ကန်လိမ့်မည်။
အချိန်နှင့်ဒီရေသည် လူကိုမစောင့်။
အချိန်မသိ ကြွယ်နှင့်ညှိ။
အချိန်လွဲမှ ခဝဲပွင့်။
အချိန်ရှိခိုက် လုံ့လစိုက်။
အချိန်လွန်က ပြန်မရ။
အချိန်လွန်ရင် ကင်ပွန်းပင်အောက် လူမရောက်။
အခွင့်မမှန် ရှေးကံဆိုးချ။
အခွန်အတုတ်နည်းမှ အရောင်းအဝယ်သာ။
အခွံသာပွသည် အတွင်းသားမရှိ။
အချွေသန်မှ အရံပေါ်။
အငိုလွယ်လျက် အရှိုက်ခက်။
အငင်မတတ်လျှင် ပန်းလျက်နှင့်မရ၊ အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ။
အစကောင်းမှ အနှောင်းသေချာ။
အစရှိ အနှောင်နှောင်။
အစမကောင်းက အနှောင်းမသေချာ။
အစာမကြေတာထက် စာမကြေတာခက်။
အစားကြီးသော် သူနောက်ကျ။
အစားနှင့်မျှားမှ ငါးရသည်။
အစားမတော်တစ်လုပ် အသွားမတော်တစ်လှမ်း။

- အစားမှာ စူစကာ မယားမှာ သမ္ဗူလာ။
- အစားအသောက် မီးလိုတောက်၊ အလုပ်အကိုင် ခွေးလိုမှိုင်။
- အစိုးရအမှုထမ်း ကမ်းနားသစ်ပင်။
- အစည်းအရုံးရှိမှ ညီညွတ်သည်။
- အစွဲအလမ်းကြောင့် ကိုယ်ခန္ဓာနွမ်း။
- အဆီကိုစား အသားကိုမျို။
- အဆီစား၍ အသားမဖြစ်။
- အဆီရှိမှမီးတောက် အမှိုရှိမှ ပြီးမြောက်။
- အဆီးအတားရှိမှ ဘေးရန်ကင်း။
- အဆဲကိုဖျောက် ငရဲကိုကြောက်။
- အဆဲတတ်လို့ အရပ်ကမုန်း။
- အဆိုမတတ်ဆဲသလို အထိုင်မတတ်ဖြသလို။
- အဆိုးလုပ် အဟုတ်ဖြစ်။
- အဆင်တတ်လျှင်လှ အမြင်ကပ်လျှင်ခဏ။
- အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ အငင်မတတ်လျှင် ပန်းလျက်နှင့်မရ။
- အဆင်မတတ်လျှင် မလှ။
- အဆင်းတွင် တွန်းချ။
- အဆင်းမက်လို့ ထမင်းချက်နှင့်ညား။
- အဆင်းရှုပ အချင်းမူလ။
- အဆင်းရှိသော်လည်း အချင်းမရှိ။

- အဆစ်တောင်းလို့ အထောင်းခံရ။
- အဆစ်တတ်သော် အဖိုးသိ၊ အချစ်တတ်သော် အကျိုးရှိ။
- အဆစ်ရှိလျှင် အမြစ်ရှိမြဲ၊ အချစ်ရှိလျှင် အပြစ်ရှိမြဲ။
- အဆန်မရှိတဲ့ အကြိမ်အမြောက်လို။
- အဆန်းကြိုက်လို့ အလိုက်မှား။
- အဆန်းထွင်တိုင်း မပေါ်လွင်။
- အဆန်းလည်းကြံပါလေ လမ်းလည်းမှန်ပါစေ။
- အဆိပ်ပင် ရေလောင်းသလို။
- အဆိပ်ရည်ကို ပျားရည်မှတ်လို့။
- အဆံမရှိ ဟန်သာရှိ။
- အညီရှိက ယင်အုံ။
- အတုမြင်က အတတ်ရ။
- အတုမြင် အတတ်သင်။
- အတုရှိလျှင် အစစ်ရှိမြဲ။
- အတူတူနှင့် အနူနူ။
- အတူသွား အတူလာ မကွာမိတ်ကောင်း။
- အတိုကို လိုမှဖြတ်။
- အတိုအထွာစာကိုမှတ် ပညာတတ်ခေါ်တွင်။
- အတိုက်နှင့်အခိုက် အကြိုက်နှင့်အလိုက်။
- အတင့်ရဲလျှင် ငမွဲပြာဖြစ်။
- အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား။

- အတိုင်းမသိ မိဘဂုဏ်ရည်။
- အတတ်ကြျုး ဘီလူးဖြစ်။
- အတိတ်ကာဖန်လို့ ကြံတိုင်းဖြစ်။
- အတွေးခေါင်လို့ မျက်နှုံးမွေးပြောင်။
- အတွေးလည်းမကျွံနှင့် အကြွေးလည်းမလွန်နှင့်။
- အတွင်းထရံ အပြင်ကာ။
- အထားတတ်မှ အကြီးမြောက်သည်။
- အထီးဆို ယင်ဖိုတောင် မနားစေရ။
- အထီးဆို ယင်ဖိုမှ မသန်း။
- အထီးလေ အမနောက်၊ အသီးကြွေ အပင်အောက်။
- အထက်မှာဘဝဂ် အောက်မှာအဝီစိ။
- အထက်မှာဆိုကြား အောက်မှာနဂါး။
- အထင်နှင့်ပြောလို့ စကားကြောရှည်။
- အထိုင်မတတ်တော့ဖြဲသလို အပြောမတတ်တော့ဆဲသလို။
- အ သီးမှာ ကမ္ဘလာ အရည်မှာနံ့သာ။
- အထိန်းမရှိသည့် ချည်ခင်။
- အနာနှင့်ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ။
- အနာပေါ် တုတ်ကျ။
- အနာပေါ် တုတ်ကျ ဆတ်ဆတ်ခါ။
- အနာမရခင် ဆရာဝန်မခေါ်နှင့်။
- အနာမသိ ဆေးမရှိ။

- အနာမဲ့သူရှင်ပါကူ။
- အနှိပ်ပျင်းလို့ အနင်းဖက်။
- အနှိပ် မနှိပ်ရခင်က အပူထုတ်ချင်။
- အနှောင့်မလွတ် အသွားမလွတ်။
- အပူလည်းမရှာနှင့် လူလည်းမလာနှင့်။
- အပေးရှိလျှင် အယူရှိ။
- အပေးအကမ်းရှိမှ အဖော်ရ။
- အပေါ်ယံက ဖျားသကာ၊ အတွင်းကတော့ ခါးတမာ။
- အပေါ်ယံရွှေမှုန်ကြဲ အထဲကနောက်ချေးခံ။
- အပင်ကြီးလျက် အသီးသေးသည့်ညောင်
- အမြင်နီးလျက် ခရီးဝေးသည့်တောင်။
- အပေါ်ယံသကာ အတွင်းမှာတမာ။
- အပေါင်းအသင်းလည်းရှိမှ အကြောင်းရင်းလည်းသိမှ။
- အပတ်များလျှင် လျှော့။
- အပန်းခံတိုင်းလည်း နန်းမစံရ။
- အပန်းလည်းဖြေ အရည်လည်းသောက်။
- အပုပ်ကောင်ရှိလို့ လင်းတဝဲ။
- အပျော်လွန်လျှင် အပျင်းဖက်။
- အပျိုချောတိုင်းမယူနှင့် အပိုပြောတိုင်းမပူနှင့်။
- အပျိုချောသီပေါ် မြင်းချောသီနှိုး။
- အပျိုနှင့် မျှားလို့ ငွေဒင်္ဂါးကုန်။

- အပျိုရှာ အညာတွေ့။
- အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေ။
- အပျက်အပျက်နှင့် နှခေါင်းသွေးထွက်။
- အပြုသမား စကားမပြော။
- အပြောကြီးလျှင် အယုံခက်။
- အပြောတစ်ခြား အလုပ်တစ်ခြား။
- အပြောတစ်လွဲ အလုပ်တစ်လွဲ။
- အပြောမတတ် တစ်ခွန်း။
- အပြောမတတ် ဆဲသလို။
- အပြောသမား လုပ်အားမတွင်။
- အပြစ်ပါလျှင်ဖုံး အချစ်ပါလျှင်ပြုံး။
- အပြစ်ရှာလို့ အနာတွေ့သည်။
- အပွေးမြင် အပင်သိ အသွေးမြင်အသွင်သိ။
- အပွဲပွဲနွှဲလာပြီး သည့်ပွဲမှနှပ်ပစ်ခံရ။
- အပွင့်ကားတော့ အနံ့ပြယ်။
- အဖေ့ထက် သား တစ်လကြီး။
- အဖော်ဆောင်၍ ထောင်ကျ။
- အဖော်မကောင်း ကျောင်းပျက်။
- အဖော်မကောင်း အကြောင်းမလျော်။
- အဖတ်မတည် အရည်မရ။
- အဖျားတက် အမှည့်စားရန်နီး။

- အဖျက်သမား တရားကင်းမဲ့။
- အဖြေကောင်းပေမယ့် အကြောင်းမလျော်။
- အဖြေရှိ မင်းထေမိ။
- အဖိုးတန်၍ အမျိုးမှန်သည်။
- အဖိုးထက် လက်ခကြီး။
- အဖိုးမသိက မဝယ်နှင့် အမျိုးမရှိက မကျယ်နှင့်။
- အဖိုးရ အဘကိုရောင်း။
- အစ်မကောင်းစား မောင်အိမ်ဦးခန်း၊
မောင်ကောင်းစားတော့ အစ်မမီးဖိုချောင်။
- အစ်မကြီးအမိရာ။
- အမိကိုရိုသေ အဖေကိုကိုးနွံ။
- အမိထမီ သားလှစ်သလို။
- အမိလည်းရ နှမလည်းမည် ကျွန်ရာတည်။
- အမိမဲ့သား ရေနည်းငါးလို။
- အမူကောင်းလျှင် ထီးနှင့်စည်၊ မြည်မသင့်ငြား လည်နှင့်မား။
- အမေကျော်၍ ကြီးဒေါ်လွမ်း။
- အမေမှာသည့်ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲ။
- အမေမှာ မှာသည့်အတိုင်း။
- အမေရိုက်အဖေကယ်ပါ၊ အဖေရိုက်အမေကယ်ပါ။
- အမေသေမှ နို့စို့ရသလို။
- အမေးကျွဲကျောင်း အဖြေဘုရားလောင်း။

- အမေးရှိမှ အဖြေရှိ။
- အမယ်ဘုတ်ရဲ့ သူ့ချည်ခင်။
- အမဲဖျက်သွား၊ မြေးဖျက်အဘွား။
- အမဲရိုးနှင့် လက်ပံပွင့်၊ အဆင်သင့်လိုက်လေ။
- အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ။
- အများညီလျှင် ဤကိုက္ခဲ့ဖတ်။
- အများနှင့်ဆန့်ကျင် လူမခေါ် ချင်။
- အများမိုးခါးရေသောက်လျှင် ကိုယ်လဲသောက်မှ။
- အများယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းမှာစု။
- အမျိုးကောင်းသား ပညာများ၊ ကြီးပွားချင်လျှက် မာနာဖျက်။
- အမျိုးထိတော့ မချိအောင်နာ။
- အမျိုးမှန်တော့ အဖိုးတန်သည်။
- အမျက်ကိုပယ် အရှက်ကိုတွယ်။
- အမျက်ကြီးက ပျက်စီးရ။
- အမျက်ထားလို့ အမှားတွေ့။
- အမြဲတေကောင်းရှိရာ အမြဲတေစု။
- အမြင့်တက်မိလို့ အကျနာ။
- အမြင်ဆိုး အပိုးရှေ့ဟာသ်။
- အမြင်မတော် ဆင်တော်နှင့်ခလောက်။
- အမြင်လွယ်လျက် လက်တွေ့ခက်။
- အမြင်သာဆိုး အမျိုးကရွှေနန်းဆက်။

- အမြန်မှာသိန္တော အပြောမှာ နိုင်ငံရေးသမား။
- အမှားကိုပစ် အမှန်ကိုချစ်။
- အမှားတွေ့မှ အမှန်ရ။
- အမှားပင်မြင်သော်လည်း အပြစ်မတင်ဦးနှင့်။
- အမှားအမှန် ဝေဖန်စဉ်းစား။
- အမျိုးကောင်းခဲ့ရင်တစ်ချက် အနေကောင်းခဲ့ရင်တစ်သက်။
- အမျိုးမရလျှင် ဘုရားတောင်မပွင့်။
- အမှုမရှိ အမှုရှာ။
- အမှိုက်ကစ ပြာသာဒ်မီးလောင်။
- အမှိုက်ရှိလျှင် ခွေးချေးယို။
- အမှောင်တွင်ကာမ အလှတွင် ဥမ္မာဒန္တီ။
- အမှည့်ကြွေ ကြွေသည်။
- အမှည့်တစ်ဝင်းဝင်း အကင်းတစ်ဖြိုက်ဖြိုက်။
- အမှန်ကိုလိုက် စိတ်ကြိုက်မလုပ်နှင့်။
- အမွှာများ အသားနည်း။
- အယူတိမ်းလျှင် နတ်စိမ်းဖြစ်။
- အရာမရောက်ဘဲနှင့် ခွားပြာခလောက်ဆွဲ။
- အနာရှိက ဆေးရှိသည်။
- အနာမသိ ဆေးမရှိ၊ အနာသိက ဆေးရှိရ။
- အနားကျယ်၍ အလယ်လပ်။

- အနားကြည့်၍ အလယ်နှောက်။
- အနီးမွေးမှ အဝေးကြိုင်။
- အနုတွင် ကတ္တီပါ အကြမ်းတွင် နှီးသားဖျာ။
- အနုမာန မျက်ရမ်းဆ။
- အနူတောမှာ လူချောလုပ်။
- အနေချောင်လျှင် အသေကျပ်၊ အနေကျပ်မှ အသေချောင်။
- အနေမြဲမှ အခြေစွဲမည်။
- အနည်ထိုင်ပြီးမှ ပြန်မွှေ။
- အနတ္တလို့ ပါးစပ်ဆို၊ စမ်းကြည့်တော့ကိုယ်တွေ့။
- အနွယ်မဖျက်နှင့် အလွယ်မမက်နှင့်။
- အနှေးကြံလွဲသည်၊ အပြေးသန့်လဲသည်။
- အနှစ်ကို အကာဖုံး အချစ်ကိုတဏှာဖုံး။
- အနှစ်မရှိသည့်တောမှာ ကြက်ဆူပင် မင်းမူနေ။
- အရှုံးက တစ်မူးသာ။
- အရှုံးချေးပန်းသလို။
- အရှုံးဆယ်ခွန်းပြော တစ်ခွန်းမှန်။
- အရှူးနွားသားကျွေးမိရင် နွားမြင်တိုင်း လက်ညှိုးထိုး။
- အရှူးမီးပိုင်းသလို။
- အရှူးအမဲသားကျွေးမိသလို။
- အရှူးအရှူးနှင့် အိမ်ဦးချေးယို။

- အရည်မရ အဖတ်မတင်။
- အရေးကောင်း ဒိန်းဒေါင်းဖျက်။
- အရေးကြီးတော့ သေးနီး။
- အရေးကြုံ သက်လုံကောင်းစေ။
- အရေးထဲမှာ အရာပေါ်။
- အရေးမရှိနွားဟာန်၊ အရေးရှိကျားဟာန်။
- အရေးမရှိလျှင် အရာမထင်။
- အရေးရောက်က အကြံပျောက်။
- အရေးရှိမှ အရာပေါ်။
- အရောဝင်က အရိုသေတန်တယ်။
- အရိုးကို အရွက်မဖုံးနိုင်။
- အရိုးပေါ် အရေတင်။
- အရက်ပြတ်လို့ ခွက်ကပ်နှင့်မူး။
- အရက်မူးတော့ ကျွဲခိုးပေါ်။
- အရက်သေရည် ဆိပ်မျိုးမည်၏။
- အရင်ငယ်ပြီးမှ အကြီးဖြစ်။
- အရင်ဘုန်းကြီးတစ်ခါခေါက် နောက်ဘုန်းကြီးနှစ်ခါခေါက်။
- အရင်လိုမှ အနှေးဖြစ်။
- အရင်လို လမ်းအိုလိုက်။
- အရင်းကြီးလျှင် အမြတ်ကြီး။
- အရင်းစစ် အမြစ်မြေက။

- အရင်းထမ်း အဖျားထမ်း။
- အရင်းမစိုက် လှေထိုးလိုက်။
- အရင်းလဲ အဖျားထင်းဖြစ်။
- အရောင်းသာမှ အဝယ်လာ။
- အရပ်ချစ်စေလိုသော် ပေးကမ်း။
- အရပ်မုန်းတော့ စုန်းယိုးခံရ။
- အရပ်ရှိမှ အရိပ်ထွက်။
- အရိပ်ရိပ်နေနေ အခက်ချိုးချိုး။
- အရိပ်ပြ အကောင်ထင်။
- အရိပ်မလာခင် နေပူကစောင့်။
- အရိပ်သုံးပါး နွားမလည် ဂိုျ(ချေ)သူငယ် ကျွားဟာဖြစ်။
- အရုပ်လို ကြိုးဆွဲရာက ရ။
- အရံအကာလည်းရှိမှ မှန်တာလည်းသိမှ။
- အရှက်ကင်းလျှင် အကြောက်ကင်းသည်။
- အရှက်နှင့်လူလုပ်ပါ အသက်နှင့် လူမလုပ်ရ။
- အရှက်ရှိမှ အကြောက်ရှိ။
- အရှင့်အာဏာ ကျွန်မှာတည်စေ။
- အရှင်ကောင်းကျွန် ဆရာကောင်းတပည့်။
- အရှင်ပေးသည့်စပါး မစားရက်ခြတက်။
- အရှင်ဘုန်းကြီး ကျွန်မားပြီး။
- အရှင်မျက် ဆွေခုနစ်ဆက်ပျက်။

- အရှင်မြင့် ကျွန်တင့်။
- အရှင်မွေးတော့ နေ့ခြင်းကြီး။
- အရှင်လည်းယစ် ကျွန်လည်းယစ် အပြစ်မဆိုသာ။
- အရှင်သုံးတော့ ဓားမတုံးထက်။
- အလကားနေ အလကားပဲ။
- အလကားရရေ အသေသောက်။
- အလကားရသည့်နွား သွားဖြဲကြည့်။
- အလာကောင်းသော်လည်း အခါနှောင်းသည်။
- အလာနှေး ခွေးချေးနှင့်သလဲသာကျန်။
- အလာရှိမှ ခသွားရှိသည်။
- အလေ့ဝါသနာ ပစ်ခွာ၍မလွယ်။
- အလိုကြီးက အရနည်း။
- အလိုနည်းက အရများ။
- အလိုမဟု မကြည်ဖြူ။
- အလိုရမက် လူကိုဖျက်။
- အလိုလိုက် အမိုက်စော်ကား။
- အလုပ်ကိုရှိသေ ငွေကိုချွေတာ။
- အလုပ်တူပြိုင်ရူ အကြံတူရန်သူ။
- အလုပ်နည်း ပဲကိုသွန်၍ကောက်။
- အလမ္မာယ်နှင့် မြွေစွယ်နှင့်။

- အလံမရှိသောရထား ၊ လင်မရှိသော မိန်းမ၊ တရားမရှိသောမင်း။
- အလျှင်လို လမ်းအိုလိုက်။
- အလှူ့ရှင် ငါးကျော်အိုး ဆွေမျိုးချည်းပဲ။
- အလှူ့ရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြ။
- အလှည့်ကျတော့ နွားမတောင် ယမ်းပိုးရှုန်းရ။
- အလှမ်းကျယ် အလယ်လပ်။
- အဝအစနှင့် မားမပေါင်ရ။
- အဝေတတ် မြတ်။
- အဝေမတတ် ဆရာငတ်။
- အဝတ်ပင်မွဲသော်လည်း သည်တစ်ပွဲနဲ့ဦးမှ။
- အဝတ်ဗလာ စားစရာနတ္ထိ ကြွေးအပြည့်။
- အလာလင့်မှ အသင့်ရ။
- အသားထဲက လောက်ထွက်။
- အသားဖြူဖြူ နန်းသူမို့လား အသားတော်ညိုပြာညက်
  နန်းတော် ဆက်ဖွား။
- အသားလိုလို့ အရိုးတောင်း။
- အသိခေါက်ခက် အဝင်နက်။
- အသီးတစ်ရာ အညှာတစ်ခု။
- အသီးမှာသရက် အရွက်မှာလက်ဖက် အသားမှာဝက်။
- အသီးရင့်မှ အဆန်မာ။

- အသီးလို အပင်ချိုင် သမီးလို မိခင်တိုင်။
- အသီးတွက် အရွက်ကြွေရ။
- အသေစောလို့ နှမြောမိ။
- အသေအချာမသိဘဲ ဝေရာမဏိရွတ်သည်။
- အသဲအကာအောင် စွဲချက်နာ။
- အသောသူက လွမ်းချင်းဆို။
- အသက်ကြီးလို့ ပုတီးနှင့်မွေ့လျော်။
- အသက်တစ်ရာ လင်တစ်ရာ။
- အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ရ။
- အသက်မသေ ငွေမရှား။
- အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ။
- အသက်ရှည်၍ ဘုန်းမကြီး ဘုန်းကြီး၍ အသက်မရှည်။
- အသက်လေးဆယ် မိန်းမပြယ်။
- အသစ်တွေ့ အဟောင်းမေ့။
- အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်။
- အသစ်မကလို့ အချစ်ပျက်ရ။
- အသံကြား သနားပါစေ မျက်နှာမြင်ချစ်ခင်ပါစေ။
- အသံကြောင့် ဖားသေ။
- အသံမှာတော်တော် အဆိုကရိုင်းရိုင်း။

- အသံဝါသာထန်သည် အဆံမပါသော သကြင်္ချိုင်း အမြောက်ကဲ့သို့။
- အသံသာရှိ အဆံမရှိ။
- အသုံးတတ် အဖတ်တင်။
- အသုံးလွန် ကျွန်ဖြစ်။
- အသွားနိုင်ပေမဲ့ အပြန်မှိုင်ရတဲ့ ပွဲပြန်လို။
- အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်။
- အသွင်မတူ အိမ်သူမဖြစ်။
- အအိပ်လွန်သော် မောဟ။
- အာကာကိုလွှာပုံပြုပါလို့ မေယုကိုစုတ်တံချီ။
- အာဂနံတဲ့ ကြောင်ချေး။
- အာဂလူ အူကလာ။
- အာဏာရဏ္ဍူင် လူတွင်ကျယ်သည်။
- အာပတ်ဆို ချိုနှင့်လား ဘုန်းကြီးကားလသား။
- အာမဘဏ္ဍခံပြီးမှ ထပ်မပြောနှင့်တော့။
- အားကလည်းနည်း ကျားကလည်းဆွဲ။
- အားနာလျှင် အားပါ။
- အားမဟာန်လို့မန်လျှော့။
- အီးသံနှင့်မိုးကြိုး တူနိုင်ရိုးလား။
- အူမတောင့်မှ သီလစောင့်။
- အိုကာမှ ငွေတစ်ရာ၊ အိုးဂုမပူ စလောင်းကပူ။

- အိုးကွဲ ချိပ်ဖာ။
- အိုးချင်းထား အိုးချင်ထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ။
- အိုးတစ်လုံး ဖျာတစ်ချပ်။
- အိုးတန် ဆန်ခပ်။
- အိုးမလုံ အုံ့ပွင့်။
- အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးရ။
- အိုးလှေ့ မီးချောင်းတက်။
- အကၡရာတစ်လုံး ဘုရားတစ်ဆူ။
- အောက်ကပင်နေသော်လည်း မဖျင်ပါနှင့်ဆိုသလို။
- အင်္ကျီပါးနှင့် မျက်နှာထားချို။
- အောင့်နိုင်တော့အကျိုးရှိ စောင့်နိုင်တော့သူဌေးမိ။
- အောင်သွယ်ကောင်းက အကြောင်းပါ။
- အိုင်တွေ့လို့မှ မလူး ကျွဲရူး။
- အိုင်မည်ကာ ကြာမပေါက်၊ အိမ်မည်ကာ ဧည့်မရောက်။
- အတွေ့ဆို အနက်ကိုသိ။
- အိတ်ပေါက်နှင့် ဖားကောက်။
- အုတ်မရှိလို့မြို့မတည် နှယ်နှယ်မှတ်သလား။
- အုတ်အရောရော ကျောက်အရောရော။
- အပ်ပျောက်လျှင် ဆင်စီး၍ရှာ ဆင်ပျောက်လျှင် ဆန်ခါချ၍ရှာ။
- အပ်ဖင် ချည်မျှင်လိုက်။
- အပ်ဝင်၍ ပုဆိန်ထွက်။

- အပ်သွားရာဆီ ချည်ကပါလိုက်။
- အိပ်ကြူးသောနွား အစာပါး။
- အိပ်ကြူးသောသူ ရောဂါထူ။
- အိမ်မက်စမှ မိုးလင်း။
- အိပ်ရပါ ငိုက်သလောက်မှ မကောင်း။
- အိပ်လိုရဟန်း စားလိုမှန်း ပစ္စာန်းလုပ်ပါလေ။
- အိပ်လို့လည်းမပျော် ဆင်အော်လို့လည်းမနိုး။
- အိပ်ဟန်ဆောင်က နှိုးရခက်။
- အိမ်ကြိုအိမ်ကြားရောက်တဲ့သား စကားခပ်ကြွယ်ကြွယ်။
- အိမ်တစ်ဆောင် မီးတပြောင်။
- အိမ်နီးချင်းချေးပုံကိုယ်ပုံ၍ ဝက်မွေး။
- အိမ်နီးချင်းဆွေရင်းမတန် ဟင်းခွက်ဆန်။
- အိမ်နီးချင်းရှိသေအောင် ရှုံတက်ဟန်မပျက်။
- အိမ်မည်ကာနှင့် ဧည့်မရောက်လေ။
- အိမ်မျှောင်မြီးပြတ် တဆတ်ဆတ်။
- အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ။
- အိမ်ရှင်ကို ဧည့်မောင်း။
- အိမ်သာလျှင် ဧည့်လာသည်၊ ကန်သာလျှင် ကြာပေါက်သည်။
- အိမ်အို ကျားကန်၊ လူအို ပန်းပန်။
- အေးစေလို့၍တရားနာ ပူဇာစနှင့်ညား။

(ဧ)

- ဧည့်သည်ညဥ့်နက် အအိပ်ခက်။
- ဧည့်သည်လာလို့ ဖျာမရှိ။

(ဤ)

- ဤဇမ္ဗူမှာ ငါလိုလူမရှိ။
- ဤအကြောင်းရှိ၍ ထိုအကြောင်းရှိသည်။

(ဥ)

- ဥစ္စာလိုသော် မပျင်းနှင့်။
- ဥစ္စာပေါ ရုပ်ချော။
- ဥစ္စာကံပေး မရသေး နှောင့်နှေးဗျာပါ မရှိရာ။
- ဥကိုလို၍ ကြက်မကိုဆန်ကျွေး။
- ဥပါဒါန်ကြောင့် ဥပဒ်ရောက်။
- ဥယျာဉ်ကောင်း ပေါင်းမြက်မကင်း။
- ဥသျှစ်တစ်တင်း နှမ်းတစ်တင်း။
- ဥသြတွန်စ တန်ခူးလ။

- ဉသြအော်မြည် ကုန်းဘောင်တည်။
- ဦးကစပါး ပွဲပြောင်း၊ ပွဲကစပါး ဦးပြောင်း။
- ဦးခေါင်းနှစ်လုံးသည် တစ်လုံးထက်ကောင်း။
- ဉက္ကာသုံးဆယ် အပျိုချောပါတဲ့ လှိုင်ဘောလယ်။
- ဥစ္စာကိုကံစောင့် အသက်ကိုဉာဏ်စောင့်။
- ဥစ္စာကံပေးမရသေး နှောင့်နှေးဗျာပါ မရှိရာ။
- ဥစ္စာပျောက် ငရဲရောက်။
- ဥစ္စာမရှိ ကတိမတည်။
- ဥစ္စာမရှိက မခင်၊ ဥစ္စာရှိက သခင်။
- ဥစ္စာရင်လို ဥစ္စာရင်ခဲ။
- ဥစ္စာလိုလျှင် ခဲခက်ရမည်၊ မင်းဖြစ်လိုလျှင် ရက်စက်ရမည်။
- ဥစ္စာလိုလျှင် အရင်းစိုက်။
- ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး။
- ဥုံမပါက ဂါထာမဖြစ်လေ။
- ဉမကွဲ သိုက်မပျက်။
- ဥစ္စာ ဟူသည် မျက်လှည့်မျိုး။
- ဥစ္စာရင်းမှန် ပြန်ရ။
- ဥစ္စရင်လို ဥစ္စာရင်ခံ။
- ဥစ္စာမရှိက ကတိမတည်။
- ဥစ္စာပျောက် ငရဲရောက်။
- ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်။

<u>စကားပုံဟူသည်</u>

လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်း ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ် ပြေပြစ်သည့်စကား။

(မြန်မာအဘိဓာန် စာမျက်နှာ-၈၉ )

စကားပုံဆိုတာဟာ ရှည်လျားတဲ့အတွေ့အကြုံများက ထုတ်နှုတ် ထားတဲ့ ဝါကျတိုတွေပဲဖြစ်ပါတယ်။

(ကာဗင်တာ)

စကားပုံဟာ တစ်စုံတစ်ယောက်ရဲ့ စဉ်းစားတွေးခေါ် မှုဖြစ်ပြီး၊ လူသားအားလုံးရဲ့ ဉာဏ်များဖြစ်ပါတယ်။

(လော့ခ်ဂျွန်ရပ်ဆဲလ်)

နိုင်ငံများရဲ့ အသိဉာဏ် ပညာတို့ဟာ စကားပုံတွေမှာ ကိန်းအောင်းကြတယ်။ စကားပုံတွေကို စုဆောင်းပါ၊ လေ့လာမှတ်သားကြပါ။ စကားပုံတွေဟာ အကျည်းတန် စကားကြောရှည်တာတို့ကို သက်သာစေပါတယ်။ အကြောင်းဆုံတဲ့အခါ အပြည့်အစုံနဲ့ စိတ်ချရဆုံးဖြေကြားချက်တွေဖြစ်နိုင်ပါတယ်။

ဝီလျံပင့် (၁၆၄၄-၁၇၂၈)

ဗြိတိသျှဘာသာရေးခေါင်းဆောင်

ပြီးပါပြီ . . .